ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ရက်၊ တနင်္လာနေ့၊ (17-5-2004) (၄၂၃၆)

ယနေ့ထုတ်စောင်ရေ ၁၉၇၃၈၂

ခန္တီ စ
တော် မင်္ဂလ မုတ္တမံ။

သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ကြည့်ရှု
စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြည့်စုံစွာ ဆောင်ရွက်ထားရှိ

ရန်ကုန် မေ ၁၆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးအမှတ်စဉ်(၁၀/၂၀၀၄)ကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်နှင့် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

အမျိုးသားညီလာခံကို ကြိုဆိုပါ၏။

ကြေးမုံ The Mirror

၁၇-၅-၂၀၀၄
(တနင်္လာနေ့)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့်ဆက်လက်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်ရေးအတွက် ဘက်ပေါင်းစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ကြိုးပမ်းဖော်ဆောင်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့ကို အချိတ်အဆက်မိမိ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အစီအရီ ပေါ်ထွန်းလျက်ရှိနေသည်ကို တွေ့ရသည်။

တစ်ချိန်က နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိ၍ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ရသည့် နယ်စပ်ဒေသများတွင် ယနေ့အချိန်အခါ၌ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာသည့်အလျောက် နိုင်ငံတော်က စီးပွားရေး၊ လူမှုရေးအခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခဲ့ပြီး ၁၉၈၉ခုနှစ်မှစတင်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရသည့် အဓိကရည်ရွယ်ချက်မှာ နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်၏ ဒေသတစ်ခုနှင့် တစ်ခု ဆူကြဲနိမ့်မြင့်ကွာဟချက် နည်းနိုင်သမျှနည်းစေရန်၊ နယ်စပ်ဒေသများတွင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ပေးနိုင်ရန်အတွက်ဖြစ်သည်။

နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသများတွင် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ မွေးမြူရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ ပြည်ထဲရေး၊ သတ္တုရှာဖွေတူးဖော်ရေး၊ ပြည်သူ့ဆက်ဆံရေး၊ လူမှုဝန်ထမ်းနှင့် သမဝါယမ၊ ကုန်သွယ်ရေး၊ လမ်းတံတားနှင့် သစ်တောစသည့် လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားတို့၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ ကျခံသုံးစွဲခဲ့သည့် ဘဏ္ဍာငွေမှာ ကျပ်သန်းပေါင်း ၅၄၀၀၀ကျော်ဖြစ်သည်။

နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းပေးမှုနှင့်အတူ ဒေသခံ တိုင်းရင်းသားပြည်သူများ၏တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့် မခြားဖွံ့ဖြိုးတိုးတက် လာနေပြီဖြစ်သည်။ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့်ပြည်သူများက နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ကာလတွင် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းခွင့်ရရှိခြင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များဖလှယ်နိုင်ခြင်း၊ အေးချမ်းစွာကူးသန်းသွားလာနိုင်ခြင်းစသည့် အကျိုးရလဒ်ကောင်းများခံစားရရှိနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲလျက် တက်ကြွသည့် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် ကြေးမုံက တိုက်တွန်း ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆို အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၆

၂၀၀၄ခုနှစ် မေ ၁၇ရက်တွင် စတင်ကျင်းပမည့် အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

အမျိုးသား ညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများပေးအပ် လှူဒါန်းပွဲတွင် အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က Myanmar Optic Co.,Ltd ကိုယ်စား အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးပိုင်ကလှူဒါန်းသော ငွေကျပ် ၃၉သိန်းတန်ဖိုးရှိ သားရေတု လက်ဆွဲအိတ်အလုံး ၂၀၀၀ကို လက်ခံယူစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းဌေး၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် Myanmar Optic Co., Ltd. ကိုယ်စား အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးပိုင် က ငွေကျပ် ၃၉သိန်းတန်ဖိုးရှိ သားရေတုလက်ဆွဲအိတ် အလုံး ၂၀၀၀၊

လက်ခံရယူ

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က ဦးမြတ်သင်းအောင်-သီရိသုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့်တို့က လှူဒါန်းသော ငွေကျပ် ၁၁သိန်းတန်ဖိုးရှိ အင်တာနာအပါအဝင် STAR(21) လက်မ ရုပ်မြင်သံကြားပြစက် ၁၀လုံးကို လက်ခံယူစဉ်။ (သတင်းစဉ်)

ဦးကျော်ညွန့်(ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော် မိသားစုက ငွေကျပ်ငါးသိန်း၊ NIBBAN Electric & Electronics မှ အထွေထွေမန်နေဂျာ ဒေါက်တာအောင်သိန်း က ငွေ ၁၀၃၂၆၃၉ ကျပ်တန်ဖိုးရှိ NIBBAN 2 in 1 TV Antenna (Model : NA-330) ၆၄စုံနှင့်ဦးမြတ်သင်းအောင်-သီရိသုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့်တို့က ငွေကျပ် ၁၁သိန်း တန်ဖိုးရှိအင်တာနာအပါအဝင် STAR(21) လက်မ ရုပ်မြင်သံကြားပြစက် ၁၀လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က လက်ခံသည်။

ရည်ရွယ်ချက်

ထို့နောက် အလှူရှင်များကိုယ်စား Myanmar Optic Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးပိုင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က ဦးကျော်ညွန့်(ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော် မိသားစုက လှူဒါန်းသော ငွေကျပ် ငါးသိန်းကို လက်ခံယူစဉ်။ (သတင်းစဉ်)

ဆောင်းပါးစက်ရုံ ကုန်ချော(၂)
ချွေးစက်သံလမ်းနှင့် ပြုံးပန်းရထား

ရတနာစည်ဆရာတော်(လွိုင်လင်)

(က)

တစ်လံမျှလောက်သော ကိုယ်ခန္ဓာမှ တစ်ထွာမျှလောက်သော မျက်နှာပြင်ပေါ်ရှိ တစ်ညှိုမျှလောက် နှုတ်ခမ်းနှစ်လွှာ၏ အပွင့်ကို အပြုံးဟု ခေါ်ဝေါ်ကြပြီး ယင်းအပြုံးသည် လိုလားနှစ်သက်မြတ်နိုးအပ်သည့် ဣဋ္ဌာရုံနှင့် ဆုံရတိုင်း ပွင့်လေ့ရှိရာ မြန်မာ့အပြုံးသည် ကမ္ဘာ၌ နာမည်ကြီးလေ၏။

မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော ကမ္ဘာလှည့် နိုင်ငံခြားဧည့်သည်များအဖို့ မြန်မာ့အပြုံးများကို နေရာတိုင်း၊ နာရီတိုင်း၊ လူတိုင်းထံမှ ခံယူရရှိနေကြခြင်းကြောင့် မြန်မာ့မြေ နင်းနင်းချင်း စိမ်းဆတ်ဆတ် အနေအထားကို ကျော်လွှားသွားနိုင်ခြင်းဖြင့် အကျေနပ်ဆုံးဖြစ်ကြရသည်မှာ ဧည့်သည်များအတွက် အိပ်မက်သစ်များဖြစ်လျက်ရှိ၏။

ယင်းအချက်က ဘာကိုထင်ဟပ်ပြနေသနည်းဆိုလျှင် မြန်မာနိုင်ငံသည် မေတ္တာခြုံလွှမ်း၍ အေးချမ်းသာယာသောနိုင်ငံဟု ထင်းထင်းထင်ပြလျက်ရှိ၏။ မေတ္တာခြုံလွှမ်း၍ အေးချမ်းသာယာသောနိုင်ငံအဖြစ် အစဉ်အလာကြီးမားစွာ တည်တံ့ထွန်းကားနေအောင် မြတ်ဗုဒ္ဓ၏ ဗြဟ္မစိုရ်အဆုံးအမများ၊ မင်္ဂလာ အဆုံးအမများက မြန်မာပြည်သားတို့၏ ကလလရည်ကြည်ကာလမှသည် ရေလုံအိုးကွဲကာလအထိ ထာဝရလွှမ်းမိုးထားသည် မဟုတ်လော။

ထို့ကြောင့် မြန်မာတို့သည် မေတ္တာဝါဒီအဖြစ် အကောင်းမြင်အကြည့်ဖြင့် အာရုံအလုံးစုံအပေါ် ဖြန့်ကြည့်နိုင်စွမ်း (ယောနိသော မနသိကာရဗလ) ကြီးမားကြရကား မြန်မာ့ပြုံးပွင့် တဝင့်ဝင့် ပျံ့လွင့်နေပုံမှာ ပြည်မတူ၊ သူမတူ ဖြစ်ပါဘိတော့၏။

(ခ)

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးခြင်း အလျှင်းမဲ့ခဲ့သော ချောင်ကျကျနေရာတစ်ခုဝယ် နှစ်သောင်းကျော် အပြုံးပွင့် လန်းစွင့်ခြင်းနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အစုန်စုန်အဆန်ဆန် အပြန်ပြန်အကျော့ကျော့ သယ်ယူပို့ဆောင်ပေးမည့် ပြုံးပန်းရထားကြီးတစ်စင်း ထင်းထင်းထင် ပေါ်ထွန်းလာသော ၂၀-၃-၂၀၀၄ ရက်စွဲကား ဒေသခံတို့အတွက် တစ်သက်တသသ ဖြစ်ရမည့် ဝိဇယမင်္ဂလာ အောင်သြဘာ နေ့ထူးနေ့မြတ်ဖြစ်ပါတော့သည်။ နေရာမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် တောင်ဘက်ခြမ်း နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာဖြစ်ပါသည်။

သည်နေရာတစ်ခွင် သည်ဝန်းကျင်တစ်ဝိုက်ကား လုံခြုံမှုမေးမှိန်ခဲ့ခြင်း၊ တည်ငြိမ်အေးချမ်းမှု မရရှိခဲ့ခြင်း၊ အဆက်အသွယ်ခက်ခဲခဲ့ခြင်း၊ ရထားလမ်းကိုထားဦး ကားလမ်းပင်မပေါက်ခဲ့ခြင်းတို့ကြောင့် ဒေသခံတို့၏ဘဝ သုညတောင် ပိန်ပိန်လေးဖြစ်ခဲ့ရသည်မှာ သမိုင်းအရှိ ပကတိအနေအထား ဖြစ်ခဲ့ပါ၏။ ယနေ့တပ်မတော်အစိုးရ တက်ရောက်လာပြီးနောက် “နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး”ကိုလည်းကောင်း၊ “အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး”ကိုလည်းကောင်း နိုင်ငံရေးဦးတည်ချက်(၄)ရပ်ထဲ၌ ထည့်သွင်းကာ ဦးစားပေးဆောင်ရွက်ခဲ့သည့်အတိုင်း ၅-၁-၁၉၉၆ ရက်စွဲတွင် အမ်တီအေအဖွဲ့ အကြွင်းမဲ့ လက်နက်စွန့်ခဲ့ပြီး သည်မှာဘက်ကာလများတွင်သော် သောင်းကျန်းမှု ချုပ်ငြိမ်းသွားခြင်းနှင့်အတူ နိုင်ငံတော်အစိုးရက ဒေသတစ်ခွင်ဖြန့်ကြက်လျက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ဦးရွက်ပြုပေးခဲ့သည်များထဲမှ တစ်ခုအဖြစ် ရထားလမ်းဖောက်ပေးပြီး ရထားကြီးပြေးဆွဲပေးတော့မည်ဖြစ်ရာ ဒေသသားတို့၏ အားရပြုံး၊ တက်ကြွပြုံး၊ ကူဋ္ဌာသယ ဆန္ဒပြည့်အပြုံးများကား မဆုံးနိုင်၊ မသုဉ်းနိုင်၊ ပြုံးပန်းကုံး သီမနိုင် ဖြစ်ကြရပါကုန်၏။

၂၀၀၄ ခုနှစ် တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ “နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး”ကို သရုပ်ဖော်ဒြပ်တင်သောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ စီစဉ်မှုအရ ဖွင့်ပွဲကျင်းပခြင်းဖြစ်ပါသည်။

သည်ရထားလမ်းများကား တပ်မတော်သားတို့၏ ချွေးစက်လုပ်အားဖြင့် ပေါ်ထွန်းလာသည့် တပ်မတော် သမိုင်းဝင်ရထားလမ်းများ ဖြစ်ပါ၏။ “များ”ဟု ဆိုရခြင်းမှာ သည်ရထားလမ်းက အပိုင်းပိုင်း အဆစ်ဆစ်အဖြစ် လွိုင်လင်ခရိုင် ပွန်ချောင်းအထိ ရောက်ရှိသွားအောင် တပ်မတော်သားတို့က ဆက်လက်ဖောက်လုပ်ကြမည် ဖြစ်သကဲ့သို့ မျက်နှာချင်းဆိုင် တောင်ကြီးခရိုင်ဘက်မှလည်း ပွန်ချောင်းအထိ အပိုင်းပိုင်း အဆစ်ဆစ် တပ်မတော်သားတို့၏ ချွေးစက်ဖြင့်ပင် ဆက်လက်ဖောက်လုပ်လာမည်ဖြစ်သောကြောင့်ဖြစ်၏။ ရွှေညောင်-နမ့်စန်ရထားလမ်းဟု ခေါ်ပါသည်။

ဖွင့်ပွဲရက်မတိုင်မီကတည်းကပင် ဖွင့်ပွဲကြီးအောင်မြင်စွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ ညွှန်ကြားမှု၊ ရထားလမ်းဖောက်လုပ်ရေး ဦးဆောင် တာဝန်ခံဖြစ်သော လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၏ အနီးကပ် ကြီးကြပ်မှု၊ လွိုင်လင်ခရိုင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၏ စီစဉ်မှုအရ ဌာနဆိုင်ရာများ၊ မီးရထား ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများအဖို့ တက်ကြွားကြွကြွ ပြုံးအလှတွေ ပွင့်ဝေလျက်ရှိကြပါကုန်၏။ ရထားဆိုသည်ကို တစ်ခါမျှ မျက်မှောက် မမြင်ဖူး၊ မတွေ့ဖူးခဲ့ကြရသည့် အခြေအနေမှ ယခုဆို မြင်ဖူး၊ တွေ့ဖူးရုံမျှမက ကိုယ်တိုင်စီးနင်းလိုက်ပါနိုင်၊ ကုန်ပစ္စည်းများ သယ်ပို့နိုင်သည့် အနေအထား ရောက်ရှိလာပြီဖြစ်သောကြောင့် ဒေသခံတိုင်းရင်းသားတို့၏ ဝမ်းသာပီတိ၊ ဖရဏာပီတိတို့ကား ဘယ်ပန်းချီရေးလို့မမီ၊ ဘယ်စာသီဖွဲ့လို့မပီ ဖြစ်ပါကုန်တော့၏။

ဤရထားလမ်းသစ်ဖွင့်ပွဲကို ကြိုဆိုသောအားဖြင့် လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးသောင်းဝင်းနှင့် ပြန်ကြားရေးအဖွဲ့က တပ်မတော်နေ့အထိမ်းအမှတ် ရွှေလွိုင်လင် လက်ကမ်းစာစောင်ကို အခမဲ့ဖြန့်ဝေခြင်း၊ လွိုင်လင်ခရိုင် ခုတင် ၂၀၀ အထူးကုဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်းဦးဆောင်လျက် သမားတော်ဒေါက်တာ အေးအေးမူ၊ မီးယပ်/သားဖွား အထူးကု ဒေါက်တာ ချိုမာကျော်၊ အရိုးအထူးကု ဒေါက်တာခင်သိန်း၊ သွားနှင့်ခံတွင်းအထူးကု ဒေါက်တာခင်ဇော်၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဒေါက်တာသီဟမောင်၊ မေ့ဆေးဆရာဝန် ဒေါက်တာ အောင်ကျော်မိုး၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဇော်လင်းနှင့် သူနာပြုများပါဝင်သောအဖွဲ့က တစ်ရက်ကြိုတင်သွားရောက်ကာ မိုင်းစိတ်ကျေးရွာဝန်းကျင်မှ ဒေသခံ ၁၀၀ ကျော်တို့အား ကျန်းမာရေးစစ်ဆေးပေးပြီး အခမဲ့ဆေးဝါးကုသပေးခြင်းတို့ကလည်း ရထားလမ်းသစ်ဖွင့်ပွဲ မှတ်တမ်းဝင်များ ဖြစ်ကြပါကုန်၏။

ယခင်နေ့ရက်များကဆိုလျှင် အရဏ်တက်၍ ကျေးငှက်သာရကာတို့ တွန်ကျူးသံကြားရမှသာ လူသားတို့နိုးထကြမြဲဖြစ်သော်လည်း ယနေ့သော်မူ အရဏ်မတက်မီကပင် ဒေသခံတို့နိုးကြားနေကြပြီး အားပါးတရ ဝမ်းပန်းတသာ ရထားလမ်းသစ်ဖွင့်ပွဲ ကျင်းပရာသို့အရောက် ကားဖြင့်တစ်လီ၊ ထော်လာဂျီဖြင့်တစ်သွယ်၊ ဆိုင်ကယ်ဖြင့်တစ်သွင်၊ ခြေကျင်ဖြင့်တစ်ဖုံ အစုံစုံပျားပန်းခပ်နေကြသည်ကား ကျေးငှက်သာရကာတို့ကပင် အံ့အားသင့်နေတော့မည့်အသွင်ဖြစ်ပါဘိ၏။

နေအလင်းဖြန့်ကြက်လာခြင်းနှင့်အတူ ရထားလမ်းသစ်ဖွင့်ပွဲမြင်ကွင်းက ထင်းထင်းထင် ကြွတက်လာ၏။ ဒေသခံဗမာ၊ ရှမ်း၊ ပအိုဝ်း၊ ယင်းကျား၊ ယင်းနက်စသည့် တိုင်းရင်းသားတို့၏ အပြုံးပန်းများ၊ တူညီဝတ်စုံတို့ဖြင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးယဉ်သောသွင်ပြင်များ၊ လွိုင်လင်-ပင်လုံ-လဲချား-နမ့်စန်-မိုးနဲစသည့် မြို့နယ်များမှ ရထားလမ်းသစ်ဖွင့်ပွဲသို့ တက်ကြွစွာ တက်ရောက်လာကြသူ တိုင်းရင်းသားတို့၏ ကြည်လင်သောမျက်နှာပြင်များသည် နေအလင်းနှင့်အပြိုင် ဝင်းပထိန်လက်နေပါတော့သည်။

(ဂ)

ရထားလမ်းသစ်ဖွင့်ပွဲကျင်းပရာ မိုင်းစိတ်ဘူတာ မျက်နှာစာ၌ ရထားလမ်းသစ် ဖွင့်လှစ်ပေးမည့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ အသင့်ရောက်ရှိနေပြီ ဖြစ်သကဲ့သို့ ရထားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်အရာရှိကြီးများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝန်းကျင်မြို့နယ်များမှ ဒေသခံတိုင်းရင်းသားများ စုစုပေါင်း အင်အား ၂၀၀၀၀ ကျော်တို့သည်လည်း စုစည်းစွာ စုဝေးရောက်ရှိနေပြီဖြစ်၏။

အစီအစဉ်အရ ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနား စတင်ကျင်းပကြောင်း အခမ်းအနားမှူးက ကြေညာပြီးသောအခါ ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်မင်္ဂလာစကား ပြောကြားလေ၏။

“ ယနေ့ ရထားလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နဲ့တကွ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံမိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ပထမဦးစွာ မေတ္တာပို့သအပ်ပါတယ်ခင်ဗျား”

ကြည်လင်သောအသံ ဝစီကံနှင့်အတူ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ၏ မေတ္တာမနောကံသည် မိုးနဘံသို့တိုင် ပျံ့ကြိုင်လွှမ်းမိုးသွားလေ၏။

“နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **‘တောနဲ့မြို့ကွာဟမှု ကျဉ်းမြောင်းသွားစေရေးအတွက် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နယ်စပ်ဒေသများမှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် စီမံချက်များချမှတ်ဆောင်ရွက်ရန်’** လမ်းညွှန်မှုပေးထားသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိတဲ့ လွိုင်လင်ခရိုင် တောင်ဘက်ခြမ်းကျေးရွာများနဲ့ တောင်ကြီးခရိုင် တောင်ဘက်ခြမ်းကျေးရွာများ၊ တစ်ရွာမှတစ်ရွာ၊ တစ်နေရာမှ တစ်နေရာ လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာရောင်းဝယ်ဖောက်ကားနိုင်စေဖို့ ယခုလို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ် ခင်ဗျား”

ဆက်လက်၍ တိုင်းမှူးက “နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဖြစ်လာအောင် ဦးဆောင်တည်ဆောက်ရာဝယ် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခု တည်ထောင်အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုလည်း သတ်မှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လွိုင်လင်ခရိုင်တွင် ပင်လုံမြို့၌ တက္ကသိုလ်ကြီးတစ်ခု၊ လွိုင်လင်မြို့၌ ကောလိပ်နှစ်ခု၊ ခုတင် ၂၀၀ အထူးကုဆေးရုံကြီးနှင့် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းစခန်း၊ ကျိုင်းတောင်းမြို့နယ်၌ ရေအားလျှပ်စစ်စီမံကိန်း၊ လင်းခေးမြို့နယ်၌ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိရာ ယခင်နှင့်မတူ တစ်မူထူးခြားထွန်းကားလင်းလက် တိုးတက်ဖွံ့ဖြိုးသော အနေအထားကောင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း” ဖြင့် ပြောကြားကာ “ယင်းအနေအထားကောင်းတို့ကို ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်” တိုက်တွန်းပြီး အဖွင့်မင်္ဂလာစကား ရပ်နား၏။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် **“မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ ခုနှစ်အထိ ရထားလမ်းအရှည် ၁၉၇၆သမ၃၅ မိုင်ရှိခဲ့ရာမှ ယနေ့ကာလတွင် ရထားလမ်းအရှည် ၃၀၁၁ဒသမ၉၈ မိုင်အထိ တိုးတက်ဖောက်လုပ်နိုင်ကာ ပြည်သူ့အကျိုးကို သယ်ပိုးပေးနိုင်နေပြီဖြစ်ကြောင်း”** ထည့်သွင်းပြောကြားသကဲ့သို့ “ဖောက်လုပ်ဆဲ ရထားလမ်းများအဖြစ် ကောင်ဆိုင်း-ထီရိရထားလမ်း ၅၂ဒသမ၄၈ မိုင်၊ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပေါ်ရှိ ရေမျက်နီ-ကျောဥမင်ဖြတ်လမ်း ၂၆ မိုင်၊ အုတ်ဖိုစု-သန်လျင်တက္ကသိုလ် ရထားလမ်းသစ် ၃ဒသမ၃၃မိုင်၊ ကြေးနီ-ချောက် ရထားလမ်း ငါးမိုင်တို့ကိုလည်း ဆက်လက်ဖောက်လုပ်လျက်ရှိကြောင်း” ထည့်သွင်းပြောကြားကာ “မြန်မာ့မီးရထားအနေဖြင့် ပြည်ထောင်စုကြီးအကျိုးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း” အထူးပြုပြောကြားလျက် “ရထားလမ်းသစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများသာမက ဒေသခံပြည်သူများကပါ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန်” ပန်ကြားရင်း စကားနိဂုံးသိမ်းလေ၏။ ဤတွင် မိုင်းစိတ်ကျေးရွာမှ ရှမ်းတိုင်းရင်းသား ဦးစိုင်းညွန့်က ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်သို့ ကျေးဇူးတင်စကား ပြန်လည်ပြောကြားလေ၏။

ထိုမှ မင်္ဂလာအချိန်ရောက်သာအခါ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ရထားသံလမ်းအထက် ပေ ၂၀ ခန့်အမြင့်၌ တင့်တယ်စွာ တည်ဆောက်ထားသည့် မင်္ဂလာမုခ်ဦးအောက်သို့ ရောက်ရှိကာ သွယ်တန်းထားသော ဖဲကြိုးကို မင်္ဂလာကတ်ကြေးဖြင့်ဖြတ်လျက် ရထားလမ်းသစ် ဖွင့်လှစ်ပေးလေသော် ပရိသတ်အပေါင်းက သောင်းသောင်းဖြဖြ လက်ခုပ်သံ သြဘာပေးကြသကဲ့သို့ အကအဖွဲ့များ၊ ယိမ်းအဖွဲ့များ၊ အတီးအမှုတ်အဖွဲ့များကလည်း အားရဝမ်းသာ ကခုန်တီးမှုတ်ကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ဖွင့်ပွဲလာပရိသတ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အမှတ်တရ ဓာတ်ပုံရိုက်ကြလေ၏။

ဤအချိန်၌ပင် မိုင်းစိတ်ကိုကျောပေး၍ ကောင်ဆိုင်းသို့ဦးတည်ကာ ဖွင့်ပွဲ မင်္ဂလာအထူးရထားအဖြစ် ထွက်ခွာရန်အသင့်ရှိနေသော ရထားကြီးသည် အချက်ပြဥသြသံပေး ဖြည်းဖြည်းချင်း မင်္ဂလာမုခ်ဦးအောက်အရောက် ဘီးလိမ့်ခဲ့ပြီး ခေတ္တရပ်နားသောအခါ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက ရထားတွဲပေါ် တက်ရောက်ကြသကဲ့သို့ အခြားလိုက်ပါကြမည့် ပရိသတ်များကလည်း ရထားပေါ်သို့ ပြုံးပျော်စွာ တက်ရောက်ကြ၏။ ထိုမှ ဖွင့်ပွဲမင်္ဂလာအထူးခရီးစဉ်အဖြစ် ရထားဘီး ဖြည်းဖြည်းချင်း လိမ့်လေသော အခါဝယ် တိုင်းမှူး၊ ဝန်ကြီးနှင့် အထူးရထားစီးပရိသတ်တို့က ရထားပေါ်မှ အပြုံးကိုယ်စီဖြင့် လက်ပြနှုတ်ဆက်သကဲ့သို့ ရထားလမ်းဝဲ-ယာတစ်လျှောက်မှ ဖွင့်ပွဲဝင်ပရိသတ်များကလည်း ပြုံးတုံ့လှယ် လက်ပြနှုတ်ဆက်ကြရင်း အပြုံးများကြားမှ ပြုံးရထား ထွက်ခွာပါတော့၏။

မိုင်းစိတ်မှ ကောင်ဆိုင်း ၁၀ဒသမ၂၃ မိုင်ခရီးကို ပထမဦးဆုံး ဖွင့်ပွဲမင်္ဂလာအထူးခရီးစဉ်အဖြစ် ထွက်ခွာလာသော ပြုံးပန်းရထားသည် တပ်မတော်သားတို့၏ ချွေးစက်ဖြင့် ဖောက်လုပ်အပ်သည့် သံလမ်းပေါ်ဝယ် ချောပြေစွာ သံဘီးများလိမ့်ရင်း ကောင်ဆိုင်းဘူတာသို့ အောင်မြင်စွာ ဆိုက်ရောက်လာပါတော့၏။ ဤမှ ရှေ့ခရီးသော်မူ---

(ဃ)

ကောင်ဆိုင်းမှ နမ့်ဟိတ် ၉ဒသမ၁၉ မိုင်၊ နမ့်ဟိတ်မှ တောင်ကိုင်း ၆ဒသမ၂မိုင်၊ တောင်ကိုင်းမှ ပွန်ချောင်း ၁၂ဒသမ၁၆မိုင်ကို တပ်မတော်သားတို့၏ ချွေးစက်လုပ်အားဖြင့် ဆက်လက်ဖောက်လုပ်ဆဲရှိ၏။ ယင်းအပိုင်းသုံးပိုင်းတို့သည်လည်း ပြန့်ပြူးသောမြေပြင် မဟုတ်သည့်ပြင် လျှိုမြောင်များ၊ ချောင်းခြောက်များ၊ ချောင်းစိုများ၊ ချောက်ကမ်းပါးများ၊ ကျောက်တောင်၊ ကျောက်စွယ်များ၊ တောင်တန်း တောင်ကုန်းများချည်း တည်ရှိနေသဖြင့် ချောင်းတွေ့လျှင် တံတားဆောက်၍ လျှိုမြောင်တွေ့လျှင် မြေနှင့်ကျောက်ဖို့၍ ကျောက်တောင်တွေ့လျှင် ထွင်းဖောက်ညှိ၍ ခက်ခဲစွာ ဖောက်လုပ်ဆဲဖောက်လုပ်လတ္တံ့ ဖြစ်၏။

ဖော်ပြပါ ရထားလမ်းအပိုင်းသုံးပိုင်းအနက် ကောင်ဆိုင်း-နမ့်ဟိတ်အပိုင်း၌ တံတား၆၅ စင်း တည်ဆောက်၊ မြေသားကျင်း ၇၅၂၅၂၄ ကျင်း တူး-ဖို့၊ ဖြုန်းကျောက်ကျင်း ၅၃၆၉၁ ကျင်းထုတ်လုပ်၊ နမ့်ဟိတ်-တောင်ကိုင်းအပိုင်း၌ တံတား ၃၆ စင်း တည်ဆောက်၊ မြေသားကျင်း ၆၄၅၄၇၃ ကျင်း တူး-ဖို့၊ ဖြုန်းကျောက်ကျင်း ၆၁၈၈၉ ကျင်းထုတ်လုပ်၊ တောင်ကိုင်း-ပွန်ချောင်းအပိုင်း၌ တံတားအစင်း ၆၀ တည်ဆောက်၊ မြေသားကျင်း ၁၁၆၄၇၅၂ ကျင်း တူး-ဖို့၊ ဖြုန်းကျောက်ကျင်း ၄၇၂၀၈၂ ကျင်း ထုတ်လုပ်ကြရမည်ဖြစ်ပါသည်။

ထို့ပြင် အာဆီယံစံနှုန်းဖြစ်သော ရထားလမ်းအများဆုံး ခွင့်ပြုဆင်ခြေလျှော ၁အချိုး၈၀ (၁ဒသမ၂၅ ရာခိုင်နှုန်း)၊ အများဆုံး ခွင့်ပြုကွေ့ ဒီဂရီ ၁၁ဒသမ၆၅ ဒီဂရီ (စက်ဝိုင်းအချင်းဝက် ၁၅၀ မီတာ) စံနှုန်းအတိုင်း မြေပေါင်ညှိခြင်း၊ သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်းများ ဆောင်ရွက်ကြရပါမည်။ သံဘီးနောက်ပြန်လိမ့်မှု၊ သံဘီးချော်မှုစသော အန္တရာယ်များကင်းရှင်းသည့် စံမီးရထားလမ်းသစ်ကြီးအဖြစ် ရေရှည်မျှော်မှန်း ကြိုးပမ်းလျက်ရှိကြပါကုန်၏။

မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၏ ကူညီမှုများနှင့်အတူ နယ်မြေခံ တပ်မတော်သားတို့၏ ချွေးစက်လုပ်အားဖြင့် ပင်ပန်းခက်ခဲစွာ ဖောက်လုပ်လျက်ရှိပါသော ယင်းရထားလမ်းသစ် အောင်မြင်ပြီးမြောက်သွား သောအခါ “အမြင်နီးလျက်ခရီးခက်” ဟူသော ပြောထုံးတစ်ခု ချုပ်ငြိမ်းကာ “အမြင်နီးတယ် ခရီးလွယ်”ဟူသော ပြောထုံးသစ် တည်ဖြစ်လာရင်း တပ်မတော်သားတို့၏ ချွေးစက်က ဒေသအနာဂတ်အတွက် မိုးစက်မိုးပွင့်များ ဖြစ်လာတော့မည် မလွဲချေ။

(င)

နေရောင်ခြည်အောက်ဝယ် သွေ့ခြောက်မည်မဟုတ်သော ချွေးစက်များနှင့် လိမ်းကျံထားသည့် ရထားသံလမ်းပေါ်မှာ ဖြတ်ကျော်လွှားလွှား ရိပ်ရိပ်သွားနေမည့် မီးရထား၏ မျက်နှာရိပ်သည် မောရိပ်မသန်း ဘယ်မပန်း ပြုံးပန်းပန်လျက်သာ ရှိနေမည်ဖြစ်ပါသတည်း။ ။

နိုင်ငံတကာသတင်းများ

အီရတ်အနာဂတ်ရေးအတွက် စိတ်သောကရောက်ရကြောင်း ပြင်သစ်ပြောဆို အီရတ်သို့ တပ်ဖွဲ့များစေလွှတ်မည်မဟုတ်ဟု နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ပါရီ မေ ၁၅

ပြင်သစ်အစိုးရက အီရတ်နိုင်ငံ၏ အနာဂတ်အရေးနှင့် ပတ်သက်၍ အလေးအနက် စိတ်သောကရောက်ရကြောင်း ကြာသပတေးနေ့က ထုတ်ဖော်ပြောကြားလိုက်ပြီး အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု၊ နိုင်ငံခြားသားများအား ဓားစာခံအဖြစ် ဖမ်းဆီးခံရမှုနှင့် ကာလကြာရှည်ပြီဖြစ်သည့် ခုခံတိုက်ခိုက်မှုတို့က အီရတ်နိုင်ငံသည် ထိန်းချုပ်မရသည့် အခြေအနေတို့ဖြင့် လုံးချာလိုက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ယင်းဖြစ်ရပ်အားလုံးသည် ဦးဆောင်လမ်းညွှန်မှု လိုအပ်မှုကို ဖော်ပြနေခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘန်နီယာက လာမွန်ဒီ သတင်းစာအား ပြောကြားသည်။

စိတ်နှလုံးပူပန်

ဖော်လူဂျာမြို့မှ ဂါဇာကမ်းမြောင်အထိ ရှေ့တန်းစခန်း အားလုံးတွင် တွေ့မြင်ရသည့်အတိုင်း ကြောက်မက်ဖွယ်ဖြစ်ရပ်၊ သွေးမြေကျမှုနှင့် လူမဆန်မှု အခြေအနေများနှင့် အမေရိကန် ဓားစာခံတစ်ဦးအား ကြောက်မက်ဖွယ်ရာ သတ်ဖြတ်မှုဆိုင်ရာ ဓာတ်ပုံများသည် မိမိအား စိတ်နှလုံးပူပန်စေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုက်တွန်း

ဘန်နီယာသည် အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းရန် ဝါရှင်တန်သို့ သောကြာနေ့က ရောက်ရှိနေခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံရှိ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့များတွင် ပူးပေါင်းရန် စေလွှတ်မည် မဟုတ်ကြောင်းနှင့် အမေရိကန်ဦးဆောင်သည့် အီရတ်သိမ်းပိုက်ရေး တပ်ဖွဲ့များအနေဖြင့် အီရတ်ပြည်သူလူထုထံသို့ အချုပ်အခြာအာဏာ အပြည့်အဝ လွှဲပြောင်းပေးရန် ၎င်းက ထပ်မံတိုက်တွန်းလိုက်သည်။

နည်းလမ်းရှာ

ပြင်သစ်အစိုးရက အမေရိကန်အစိုးရနှင့် တင်းမာမှု လျော့ပါးစေရန် နည်းလမ်းရှာနေပြီး အမေရိကန်၏ မူဝါဒကို ပြင်းပြင်းထန်ထန် ဝေဖန်မှု မပြုရန် ရှောင်ရှားနေသည်။

ဇွန်၃၀ရက်နောက်ပိုင်း တာဝန်ယူမည့် ယာယီအစိုးရအဖွဲ့ အနေဖြင့် အီရတ်လက်နက်ကိုင် တပ်ဖွဲ့များအပေါ် သြဇာအာဏာရှိသင့်ကြောင်း၊ လာမည့်နှစ်တွင် ရွေးကောက်တင်မြှောက်မည့် အစိုးရအဖွဲ့က ပြည်ပငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့များ စေလွှတ်မှု အဆုံးသတ်ရေးအတွက် အာဏာရှိသင့်ကြောင်း ဘန်နီယာက ဆက်လက်ပြောကြားသည်။

ဖော်ညွှန်း

အမေရိကန်ဦးဆောင်သောအပေါင်းပါ တပ်များ၏ အခက်အခဲများသည် နိုင်ငံတကာ ဥပဒေကို လိုက်နာပြီး လူ့အခွင့်အရေးကို လေးစားမှု၏ အရေးပါပုံကို ဖော်ညွှန်းနေခြင်းသာ ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁၄ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ပိတ်ထားသည့် ဈေးဆိုင်တစ်ဆိုင်၏ အပြင်ဘက်တွင် စောင့်ကြပ်နေသည့် အီရတ်လက်နက်ကိုင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့ကို ဝင်ရောက် တိုက်ခိုက်ရန် အမေရိကန်၏ အမိန့်ပေးမှုကို စပိန်တပ်ဖွဲ့ ငြင်းဆန်ခဲ့

မဒရစ် မေ ၁၄

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ကို ထိန်းချုပ်ထားသည့် အီရတ်တိုက်ခိုက်ရေးသမားများအား ထိုးစစ်ဆင်တိုက်ခိုက်ရန် လွန်ခဲ့သည့်လက အမေရိကန်၏ အမိန့်ပေးမှုကို အီရတ်နိုင်ငံတွင် ရှိနေသည့် စပိန်တပ်ဖွဲ့ဝင်များက ငြင်းဆန်ခဲ့ကြောင်း စပိန်ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည့် ဟိုဆေးအင်ရီကွိဒီအေယာလာက ပြောကြားသည်။

စပိန်တပ်ဖွဲ့ဝင်များသည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား အသေရရ၊ အရှင်ရရ ဖမ်းဆီးရမိရေး ကြိုးပမ်းရန် တောင်းဆိုသည့် အမေရိကန်တို့၏ အမိန့်ကို လိုက်နာခဲ့ခြင်း မရှိကြောင်း စပိန်ကာကွယ်ရေးဝန်ကြီး ဟိုဆေးဘိုနိုက ပြောကြားသည်။ အီရတ်နိုင်ငံတွင် မိမိတို့ ရှိနေသရွေ့ မိမိတို့သည် နိုင်ငံတကာဥပဒေကို လေးစားလိုက်နာမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ပိုင်း ဆွန်နီတို့၏ မြို့တစ်မြို့ဖြစ်သော ဖော်လူဂျာနှင့်အတူ နာဂျက်ဖ်မြို့မှ ခုခံတိုက်ခိုက်မှုများသည် အီရတ်နိုင်ငံသစ်ထူထောင်ရန် အမေရိကန်၏ အစီအစဉ်ကို ဟန့်တားလျက်ရှိသည်။ စပိန်ဝန်ကြီးချုပ်သစ် ဇာပါတီရိုသည် အမေရိကန်က မေတ္တာရပ်ခံသော်လည်း အီရတ်နိုင်ငံမှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။

လွန်ခဲ့သည့် လကတည်းက နာဂျက်ဖ်မြို့ကို ထိန်းချုပ်ထားသည့် အယ်လ်ဆာဒါအား သစ္စာစောင့်သိသူများအား တိုက်ခိုက်ရန် အမေရိကန်၏ မဟာဗျူဟာကို မိမိသဘောမတူညီကြောင်း ဗိုလ်ချုပ်ကြီး အေယာလာက ဒီဝါယာနီမြို့တွင် စပိန်သတင်းထောက်များအား ပြောကြားသည်။ ***အင်တာနက်။***

မေ ၁၄ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းထောင်မှ ပြောင်းရွှေ့ခံရသည့် အကျဉ်းသားများက ၎င်းတို့၏ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများအား ဘတ်စ်ကားပြတင်းပေါက်မှ လက်ပြနှုတ်ဆက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျူးဘားစီးပွားရေးအပေါ် အမေရိကန်အစိုးရ၏ အမြစ်ထုတ်မှု ဆန့်ကျင်

သမ္မတကက်စထရို ဦးဆောင်ပြီး ဟာဗားနား၌ လူထုဆန္ဒပြပွဲကျင်းပ

ဟာဗားနား မေ ၁၅

အမေရိကန်အစိုးရက ကျူးဘားနိုင်ငံ၏ စီးပွားရေးကို အမြစ်ထုတ်ရန်နှင့် ကွန်မြူနစ်အစိုးရအား ဖြုတ်ချရန် အစီအစဉ်သစ်များ ချမှတ်ဖော်ဆောင်နေမှုအပေါ် ဆန့်ကျင်သည့်အနေဖြင့် ကျူးဘားသမ္မတ ကက်စထရိုဦးဆောင်၍ သန်းနှင့်ချီသော လူထုဆန္ဒပြပွဲ အခမ်းအနားတစ်ရပ်ကို ဟာဗားနားမြို့တော်တွင် သောကြာနေ့က ကျင်းပသည်။

အကျႌနီများ ဝတ်ဆင်ထားသည့် အလုပ်သမား၊ ကျောင်းသားများနှင့် တပ်မတော်သားများသည် တူညီဝတ်စုံဝတ်ကာ ကျူးဘားနိုင်ငံ အလံငယ်ကလေးများ ဝှေ့ယမ်းရင်း အမေရိကန် သံတမန်အဆောက်အအုံအား ဖြတ်သန်းကာ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးချီတက်ကြသည်။

ကြီးမှူးကျင်းပ

သမ္မတဘုရှ်သည် ဖက်ဆစ်ဝါဒီတစ်ဦးဖြစ်ကြောင်း၊ ကျူးဘားနိုင်ငံက မတွန်းလှန်နိုင်သည့် ကျူးကျော်မှုမျိုး မရှိကြောင်းဖြင့် ဆန္ဒပြသူများက ခြောက်နာရီကျော် ချီတက်စဉ်အတွင်း ဟစ်ကြွေးကြသည်။ ယင်းဆန္ဒပြပွဲကို ကျူးဘားအစိုးရက ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ယင်းလူထုချီတက်ဆန္ဒပြပွဲသို့ လူ ၁ ဒသမ ၂ သန်းခန့် တက်ရောက်ခဲ့ကြသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြသည်။

အမေရိကန်အိမ်ဖြူက သဘောထားကွဲလွဲသူ ကျူးဘားနိုင်ငံသားများအား အရှိန်မြှင့် ထောက်ခံနေကာ ကျူးဘားနိုင်ငံသားများထံသို့ ဒေါ်လာပေးပို့နေမှုများကို ကန့်သတ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုအတွင်းရှိ ဆွေမျိုးသားချင်းများက ကျူးဘားနိုင်ငံသို့ လည်ပတ်မှု ကန့်သတ်နေခြင်းကို ရှုတ်ချပြောကြားသည်။

ကျူးဘားနိုင်ငံ၏ ပြည်တွင်းရေးကိစ္စ ဝင်ရောက်စွက်ဖက်ရန်နှင့် စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရေးဆောင်ရွက်ရန် ကြေညာပြီး ယင်းကိစ္စဖြစ်မြောက်စေရန် အစီအစဉ်ချမှတ် ဖော်ဆောင်နေမှုသည် သမ္မတဘုရှ်အနေဖြင့် လုပ်ကိုင်ရန် အခွင့်အရေး မရှိကြောင်း သမ္မတကက်စထရို၏ ပြောကြားချက်ကို ကြေညာချက်တွင် ဖော်ပြထားသည်။

သြဇာမရှိ

အမေရိကန် ရွေးကောက်ပွဲသည် အတုအယောင်ဖြစ်နေပြီး အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံသားများအား သတ်ဖြတ်နေစဉ် ကျူးဘားနိုင်ငံ၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လွတ်လပ်ရေးအတွက် ပြောဆိုနိုင်သည့် အကျင့်သိက္ခာပိုင်းဆိုင်ရာသြဇာ ဘုရှ်တွင် မရှိကြောင်း သမ္မတကက်စထရိုက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံမှ အကျဉ်းသားများအား ယုံနိုင်လောက်ဖွယ်မရှိသည့် နှိပ်စက်ညှဉ်းပန်းမှုက ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုအား ထိတ်လန့်ပြီး တအံ့တသြဖြစ်စေကြောင်းဖြင့် ၎င်းက ပြောကြားသည်။

သမ္မတဘုရှ်က ရွေးကောက်ပွဲအတွက် မဲများ အလိုရှိနေကြောင်းဖြင့် ချီတက်လာသူ ဖာဂျာနီက ပြောကြားသည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်ရှိ အဒေါ်တစ်ဦးထံမှ လစဉ်ပို့ငွေ ဒေါ်လာ ၁၀၀ လက်ခံရရှိနေသူတစ်ဦးဖြစ်သည်။ မိမိတို့အတွက် ပို့ငွေများကို ခွဲဝေယူကြပါစို့ဟု ၎င်းက ဆက်လက်ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက် စစ်ဆေးသည့်လုပ်ရပ် ဂျီနီဗာသဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ပင်တဂွန်ဝန်ခံ

ဝါရှင်တန် မေ ၁၅

အီရတ်အကျဉ်းသားများအတွက် အတည်ပြုထားသည့် အမေရိကန်၏ စစ်ဆေးမေးမြန်းသည့် နည်းလမ်းအချို့သည် စစ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုကို ထိန်းချုပ်ထားသော ဂျီနီဗာသဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်းကို စစ်ဆေးမေးမြန်းရန် အမေရိကန်စစ်ဌာနချုပ်မှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်များက ကြာသပတေးနေ့တွင် ဝန်ခံပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့အနီးရှိ အဘူဂါရိပ် အကျဉ်းထောင်မှ အကျဉ်းသားများအား လိင်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအရ နှိပ်စက်ညှဉ်းပန်းမှုနှင့် စပ်လျဉ်း၍ ထုတ်ဖော် ပြောကြားချက်များကို အမေရိကန် အထက်လွှတ်တော်အမတ်များက စုံစမ်းစစ်ဆေးနေစဉ် ဖော်ပြပါအတိုင်း ဝန်ခံပြောကြားမှု ပေါ်ပေါက်လာခြင်း ဖြစ်သည်။

အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များကော်မတီက ကြားနာမှု ပြုလုပ်နေစဉ်အတွင်း အမေရိကန် စစ်ဌာနချုပ်မှ နံပါတ်(၂) အဆင့် တာဝန်ရှိပုဂ္ဂိုလ် အမေရိကန် ဒုတိယ ကာကွယ်ရေးဝန်ကြီး ပေါလ်ဝုဖိုဝစ်ဇ်နှင့် နံပါတ်(၂) အဆင့်ရှိ အမေရိကန် ဗိုလ်ချုပ်ကြီး ပီတာပေ့စ်တို့အား အီရတ်နိုင်ငံရှိ ထိပ်တန်းတပ်မှူး ဒုတိယ ဗိုလ်ချုပ်ကြီး ဆန်ရှေးက အတည်ပြုထားသည့် အီရတ်များအား စစ်ဆေးမေးမြန်းသည့် နည်းလမ်းနှင့်ပတ်သက်၍ မေးမြန်းနေခြင်းဖြစ်သည်။

ယင်းစစ်ဆေးရေး နည်းလမ်းများတွင် အိပ်ရေးမဝစေရန်နှင့် အာရုံခံစားမှုပျက်ပြားစေရန် ပြုလုပ်ခြင်း၊ စိတ်ဖိစီးမှုဖြစ်ပွားစေသည့် ပုံစံမျိုးကို ၄၅ မိနစ်ကြာ နေထိုင်စေခြင်း၊ အစောင့်ခွေးများဖြင့် ခြိမ်းခြောက်ခြင်း၊ ရက် ၃၀ ကျော်ကြာအောင် သီးခြားခွဲထုတ်ထားခြင်း၊ အစာရေစာ ဝအောင် မကျွေးဘဲထားခြင်း စသည်တို့ ပါဝင်သည်။

ပြည်ပနိုင်ငံတစ်နိုင်ငံက အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးအား အခန်းငယ်တစ်ခုအတွင်း ဦးခေါင်းပေါ် အိတ်တင်၍ မိမွေးတိုင်း ဖမွေးတိုင်းထားခြင်း၊ ဆောင့်ကြောင့်ထိုင်ခိုင်းပြီး ၄၅မိနစ်ခန့် လက်မြှောက်ခိုင်းထားခြင်းတို့သည် ဂျီနီဗာ သဘောတူညီချက် ချိုးဖောက်မှု၊ သို့တည်းမဟုတ် ကောင်းမွန်သည့် စစ်ဆေးနည်း ဟုတ်၊ မဟုတ် အထက်လွှတ်တော်အမတ် ဂျက်ရိကဗိုလ်ချုပ်ကြီးပေ့စ်အား မေးမြန်းရာ ပေ့စ်က ဂျီနီဗာသဘောတူညီချက် ချိုးဖောက်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျက်ရိက ဝုဖိုဝစ်ဇ်အား အလားတူ မေးခွန်းမျိုး မေးမြန်းရာ ဝုဖိုဝစ်ဇ်က အစပိုင်းတွင် လှီးလွှဲပြီး ပြောကြားရန် ကြိုးပမ်းပြီး နောက်ဆုံးတွင် ဂျီနီဗာသဘောတူညီချက် ချိုးဖောက်မှုဖြစ်ကြောင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်လက်နက်ကိုင်များ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းကာ မီးခိုးလိပ်များ တက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေး စိုးရိမ်မကင်းဖြစ်မိဟု မက္ကဆီကိုသမ္မတ ပြောဆို

ဘူခါရက်(ဟန်ဂေရီ) မေ ၁၅

အီရတ်နိုင်ငံ၌ဖြစ်ပွားသည့် အခြေအနေနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိကြောင်းနှင့် အီရတ်အရေးတွင် ကုလသမဂ္ဂအနေဖြင့် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားစေလိုကြောင်း မက္ကဆီကိုသမ္မတ ဗင်းဆင့်ဖောက်စ်က ပြောကြားသည်။

အီရတ်အရေး၌ ကုလသမဂ္ဂအနေဖြင့် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားသည်ကို မြင်တွေ့လိုကြောင်း ဟန်ဂေရီနိုင်ငံမြို့တော် ဘူခါရက်သို့ အလည်အပတ် ရောက်ရှိစဉ် ဖောက်စ်က ပြောကြားသည်။

အစဉ်အလာနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မက္ကဆီကိုသည် စစ်ရေးအရ စစ်ဆင်မှုများ သို့မဟုတ် ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်များတွင် မပါဝင်သော်လည်း ပဋိပက္ခများအား ငြိမ်းချမ်းစွာဖြေရှင်းရေးတွင် ပါဝင်လှုပ်ရှားနေကြောင်း ဟန်ဂေရီဝန်ကြီးချုပ် ပီတာပက်ယက်ဆေးနှင့် တွေ့ဆုံဆွေးနွေးစဉ် ၎င်းက ပြောကြားသည်။

ဟန်ဂေရီနိုင်ငံသည် ၂၀၀၄ ခုနှစ်နှစ်ကုန်အထိ အီရတ်၌ ဆက်လက်ထားရှိရန် သန္နိဋ္ဌာန်ချထားကြောင်း ဟန်ဂေရီဝန်ကြီးချုပ်က ပြောကြားသည်။ ***အင်တာနက်။***

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု ဗြိတိန်ကို နိုင်ငံတကာရာဇဝတ်ရုံးတွင် တရားစွဲရန်စီစဉ်

ပါရီ မေ ၁၅

အီရတ်အကျဉ်းသားများ၏ မိသားစုများကိုယ်စား သည်ဟိဂ်မြို့ရှိ နိုင်ငံတကာ ရာဇဝတ်ရုံးသို့ စစ်ရာဇဝတ်မှုများဖြင့် ဗြိတိန်ကို တရားစွဲဆိုရန် စီစဉ်ထားကြောင်း ပြင်သစ်ရှေ့နေ ဂျက်ဗာဂီက ကြာသပတေးနေ့တွင် ထုတ်ဖော် ကြေညာသည်။

ရာထူးမှဖယ်ရှားခံရသည့် အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်ဘက်မှ လိုက်ပါ ဆောင်ရွက်ပေးရန် ၎င်းအား ပြောကြားထားသည်ဟုလည်း ပြင်သစ်ရှေ့နေဂျက်ဗာဂီက ပြောဆိုသည်။

အီရတ်မှ အမေရိကန်ဦးဆောင်သည့်တပ်များ ဖမ်းဆီးထားသည့် အီရတ် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုနှင့်ပတ်သက်၍ ၎င်းက အမှုဖွင့် တရားစွဲဆိုမည် ဖြစ်ကြောင်း ပြင်သစ်ရှေ့နေက တယ်လီဖုန်းဖြင့် ရိုက်တာသို့ ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံက နိုင်ငံတကာရာဇဝတ်ရုံးကို အသိအမှတ်မပြုသည့်အတွက် သည်ဟိဂ်မြို့ရှိ ထိုရုံးတွင် အမေရိကန်နိုင်ငံအား တရားစွဲ၍ မရကြောင်း၊ ယခု တရားစွဲမည့်ကိစ္စမှာ ဗြိတိန်ပြည်သူများကို မဟုတ်ဘဲ ဗြိတိန်အစိုးရကိုသာ စွဲဆိုမည်ဖြစ်ကြောင်း ရှေ့နေ ဂျက်ဗာဂီက ပြောဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၇၈၂ ဦးရှိပြီ

ကုလသမဂ္ဂ မေ ၁၅

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄နာရီအတွင်း ဖြစ်ပွားခဲ့သော ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များကို သီးခြားတိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အီရတ်အရပ်သားလေးဦး သေဆုံးခဲ့ကြောင်း အပေါင်းပါတပ်ဖွဲ့များနှင့် အီရတ်ရဲအဖွဲ့ သတင်းရပ်ကွက်များက ပြောကြားချက်အရ သိရသည်။

အခြား အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးလည်း သေဆုံးခဲ့သော်လည်း တိုက်ပွဲအတွင်း သေဆုံးခြင်းမဟုတ်ကြောင်း သိရသည်။

သေဆုံး

စနေနေ့ည သန်းခေါင်ကျော်ပြီးနောက် ကင်းလှည့်တပ်ဖွဲ့ကို တိုက်ခိုက်စဉ် ယာဉ်မတော်တဆမှုဖြစ်ကာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားတစ်ဦးမှာ သဘာဝအလျောက်သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

၇၈၂ ဦး

ယခုသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ဆိုလျှင် ၂၀၀၃ခုနှစ် မတ်လ စစ်ပွဲဖြစ်ပွားခဲ့ချိန်မှစပြီး သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၈၂ဦးဖြစ်ရာ ၅၇၀မှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်ပြီး ၂၁၂ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးမှုတစ်နေ့တခြားတိုးတက်များပြားလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၁၁ ရက်က နာဂျက်ဖ်မြို့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ရန် ရောက်ရှိလာသည့် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်မရိန်းတပ်ဖွဲ့ဝင် အီရတ်၌သေဆုံး

ဘဂ္ဂဒက် မေ ၁၅

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်နိုင်ငံအနောက်ပိုင်းဒေသရှိ အယ်လ်အန်ဘာပြည်နယ်တွင် တိုက်ခိုက်မှုဖြစ်ပွားရာ ရရှိသည့်ဒဏ်ရာကြောင့် ဗုဒ္ဓဟူးနေ့က သေဆုံးသွားကြောင်း အမေရိကန်အပေါင်းပါတပ်ဖွဲ့က အင်္ဂါနေ့တွင် ကြေညာသည်။

ကြေညာချက်

ယင်းမရိန်းတပ်ဖွဲ့ဝင်သည် အမှတ်(၁)မရိန်းပြည်ပတပ်ဖွဲ့မှဖြစ်ပြီး လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် စစ်ဘက်ဆိုင်ရာတာဝန်များ ထမ်းဆောင်နေစဉ် အန်ဘာပြည်နယ် တိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာရ၍ မေ ၁၂ ရက်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းဖြစ်ရပ်နှင့်စပ်လျဉ်း၍ ကြေညာချက်တွင် နောက်ထပ်အသေးစိတ်သတင်းဖော်ပြခြင်း မရှိပေ။ သတင်းအသေးစိတ်အချက်အလက်များ ထုတ်ပြန်မှုသည် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ကြီးမားသည့်အန္တရာယ်ရှိနေ၍ဖြစ်ကြောင်း ကြေညာချက်တွင် ပါရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်မှ စပိန်တပ်များ ရုပ်သိမ်းရန် ဆုံးဖြတ်ချက် အတည်ပြု

မဒရစ် မေ ၁၅

အီရတ်နိုင်ငံမှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသည့် ဆိုရှယ်လစ်ပါတီ၏ ဆုံးဖြတ်ချက်ကို စပိန်ပါလီမန်က ကြာသပတေးနေ့တွင် မဲခွဲအတည်ပြုလိုက်သည်။

စပိန်ဝန်ကြီးချုပ်ဟောင်း ဟိုဆေးမာရီယာ အက်ဇနာ၏ ပြည်သူ့ပါတီ(ပီပီ)မှအပ ပါတီအားလုံးက ဆိုရှယ်လစ်ပါတီ၏ ဆုံးဖြတ်ချက်ကို မဲပေးထောက်ခံကြသည်။ ယင်းမှာ ဆိုရှယ်လစ်ပါတီအနေဖြင့် မတ်လက ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရပြီးနောက် ပထမဆုံးချမှတ်လိုက်သည့် မူဝါဒရေးရာဆုံးဖြတ်ချက်လည်း ဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း အက်ဇနာ၏ ပြည်သူ့ပါတီ(ပီပီ)သည် အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များ အီရတ်ကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခြင်းကို အခိုင်အမာ ထောက်ခံသည်။ အီရတ်စစ်ပွဲကို ပြည်သူတို့က ဆန့်ကျင်သည့်ကြားမှပင် လူသားချင်း စာနာထောက်ထားရေး လုပ်ငန်းများအတွက် စပိန်တပ်ဖွဲ့ဝင် ၁၃၀၀ ကို အီရတ်သို့ စေလွှတ်ခဲ့သည်။

အီရတ်မှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး ဆိုရှယ်လစ်ပါတီ၏ ဆုံးဖြတ်ချက်ကို ပါလီမန်တွင် ကြာသပတေးနေ့က မဲခွဲဆုံးဖြတ်ရာတွင် ပြည်သူ့ပါတီဝင် အမတ် ၁၄၁ ဦးတို့က ကန့်ကွက်မဲ ပေးပြီး၊ ဝန်ကြီးချုပ် ဟိုဆေးလူဝီ ဇာပါတီရို၏ ဆိုရှယ်လစ်ပါတီဝင် အမတ်များနှင့် အခြားပါတီအားလုံးမှ အမတ်များက စုစုပေါင်း ထောက်ခံမဲ ၁၈၆ မဲ ပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁၁ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ ဈေးတစ်ဈေးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အရေးပေါ်ကားတစ်စီး ရောက်ရှိလာစဉ်။ အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး အီရတ်လေးဦး သေဆုံးကာ ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁၅ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ဈေးဆိုင်တစ်ဆိုင်ကို အီရတ်များ ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁၅ရက်က နာဂျက်ဖ်မြို့တွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသည့် အီရတ်တစ်ဦးကို သယ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၇ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့်ဖြစ်ပေါ်ရသော နေအိမ်အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မေ ၁၁ရက်က ကယ်ကွတ်မြို့ရှိ ဈေးတွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် ဈေးဆိုင်တန်းများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁၅ရက်က အဘူဂါရိုပ် အကျဉ်းထောင်တွင် စိန်ပြောင်းဖြင့် ပစ်ခတ်ခံရပြီးနောက် မီးလောင်နေသည့် ကုန်လှောင်ရုံကို မီးငြိမ်းသတ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဘဂ္ဂဒက်မြို့ဈေး ဗုံးပေါက်ကွဲ

မေ ၉ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ဈေးတစ်ဈေးတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အီရတ်များ ကြည့်ရှုနေစဉ်။ အဆိုပါ ပေါက်ကွဲမှုတွင် လေးဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိသည်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဖယန်းလူးလမ်းခွဲကျေးရွာ ကျေးလက်စိမ့်စမ်းရေဖွင့်ပွဲကို ၂၀၀၄ ခုနှစ် မတ် ၂၃ ရက်က ကျင်းပခဲ့ရာ အများသုံးရေတိုင်မှ ကျေးလက်ပြည်သူများအတွက် ရေစတင်ဖြန့်ဝေပေးနေစဉ်။ (ဓာတ်ပုံ–မြို့နယ်/စည်ပင်)

နယ်စပ်နှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး

လမ်းသားအကျယ် ပေ ၃၀၊ ကျောက်ချောလမ်း ၂၂ ပေရှိ ရပ်စောက်မြို့နယ် ရွှေညောင်–ရပ်စောက်–ကျောက်ဂူ–တာပလန်–နောင်ချိုကားလမ်းကို ဖောက်လုပ်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း) အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ (ဓာတ်ပုံ–သတင်းစဉ်)

ကျေးလက်အိမ်ရာများ

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ကန်သစ်ကျေးရွာတွင် ကျေးလက်အိမ်ရာစီမံကိန်းအရ တည်ဆောက်ထားသည့် ခေတ်မီအိမ်ရာများကို တွေ့ရစဉ်။ (ဓာတ်ပုံ–နယ်စပ်/စည်ပင်)

ပဲခူးတိုင်း(အရှေ့) ရေတာရှည်မြို့နယ် သာဂရကျေးရွာမှ ပဲခူးရိုးမ တောင်ကြောကို ဖြတ်ကျော်၍ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာသို့ ဖောက်လုပ်ထားသော သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းကို တွေ့ရစဉ်။ (ဓာတ်ပုံ–သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ–ထိုင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ပုဂံထိပ်သီးအစည်းအဝေး ဆုံးဖြတ်ချက်၊ သဘောတူညီချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများ ထပ်ဆောင်းတိုးမြှင့် အကောင်အထည်ဖော်ရန်လို မြန်မာ–ထိုင်းနိုင်ငံတို့အကြား စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ စက်မှုလုပ်ငန်းကြီးများ၊ စက်မှုဇုန်ကြီးများ ဖြစ်ထွန်းလာရေး စတင်အကောင်အထည်ဖော်

ရန်ကုန်	မေ	၁၆

မြန်မာ–ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးမှာ ၂၀၀၃ခုနှစ်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်း လေးနိုင်ငံ ထိပ်သီးအစည်းအဝေးက ဆွေးနွေးဆုံးဖြတ်ချမှတ်ခဲ့သည့် သဘောတူညီချက်များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း။

တိုးမြှင့်ပြုလုပ်

ယင်းလေးနိုင်ငံ ပုဂံထိပ်သီးအစည်းအဝေးက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ပြီး လေးနိုင်ငံအကြား အပြန်အလှန်ဖြစ်ထွန်းမှုများ ဖန်တီးဖော်ဆောင်သွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း။

ထို့အပြင် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ ထွက်ကုန်များအတွက် ဈေးကွက်ရှာဖွေရေး၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍတိုးမြှင့်ရေးတို့ အပါအဝင် လေးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် တစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုတို့ အပြန်အလှန် အကျိုးဖြစ်ထွန်းစေပြီး လေးနိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကွာဟချက်ကို ကျဉ်းမြောင်း ပပျောက်သွားစေရန် မျှော်မှန်းပြီး ဆွေးနွေးဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း။

အကောင်အထည်ဖော်နေ

မြန်မာနိုင်ငံအနေဖြင့် လေးနိုင်ငံ ပုဂံထိပ်သီးအစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များ သဘောတူညီချက်များနှင့် ပတ်သက်၍ မိမိတို့နိုင်ငံအပိုင်းမှ ဆောင်ရွက်ဖွယ်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နယ်နိမိတ်ချင်း ရှည်လျားစွာ ဆက်စပ်နေသည့်အပြင် ချစ်ကြည်ရင်းနှီးစွာ ဆက်သွယ်ဆက်ဆံနေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အလျောက် စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ ခရီးသွားလာရေး၊ ဆက်သွယ်ရေး နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နေသလို ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ လူသားချင်း စာနာထောက်ထားခြင်းလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ဖြစ်ထွန်းလျက်ရှိနေကြောင်း။

တိုးမြှင့်ဆောင်ရွက်

ဤကဲ့သို့သော မြန်မာ–ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါတွင် လေးနိုင်ငံ ပုဂံထိပ်သီး အစည်းအဝေး၏ ဆုံးဖြတ်ချက် သဘောတူညီချက်များနှင့် အညီ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ထပ်ဆောင်းပြီး တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့လိုကြောင်း။

ဒါ့အပြင် မြန်မာ–ထိုင်းနိုင်ငံတို့အကြား စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ စက်မှုလုပ်ငန်းကြီးများ၊ စက်မှုဇုန်ကြီးများ ဖြစ်ထွန်းလာစေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုများလည်း စတင်အကောင်အထည်ဖော်ကြရန် ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော်အတွင်း လမ်းပန်း ဆက်သွယ်ရေးအပါအဝင် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ မြန်မာ–ထိုင်း နှစ်နိုင်ငံအကြား နယ်ပယ်ကဏ္ဍစုံတွင် တိုးတက်ဖြစ်ထွန်းနေသည့် အချိန်အခါတွင် မိမိတို့အပိုင်းက နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးနှင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ယခုအစည်းအဝေးတွင် ဆွေးနွေးတင်ပြသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ပုဂံထိပ်သီးအစည်းအဝေး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာ–ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များချမှတ်ပြီး ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ထိုင်းနိုင်ငံသို့ ၂၀၀၄ခုနှစ် မေ ၃ရက်မှ ၇ရက်အထိ သွားရောက်၍ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ချာဗလစ်ယောင်ချိုင်ယုဒ်၊ စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Phinij Jurusombat၊ ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ ဥက္ကဋ္ဌ Mr. Sonphong Wanapha နှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအရ နှစ်နိုင်ငံအကြား စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက မြန်မာ–ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ မိမိတို့ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ–ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မြန်မာ–ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၆–၅–၂၀၀၄)

ကျောက်တော်	–	၃ ဒသမ ၃ လက်မ
ကန့်ဘလူ	–	၂ ဒသမ ၉၅ လက်မ
ခရမ်း	–	၂ ဒသမ ၇၆ လက်မ
ပဲခူး	–	၂ ဒသမ ၈၀ လက်မ
ပုသိမ်	–	၂ ဒသမ ၂၇ လက်မ
ရန်ကုန်(ကမ္ဘာအေး)	–	၁ ဒသမ ၉၆ လက်မ

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

❍ ရန်ကုန်မြို့တော်မှ

အင်ဂျင်နီယာပညာရှင်များ၊ စာတမ်းရှင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဗိသုကာအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းယီလိတ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါမှာ နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာ

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ အထပ်မြင့် အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းကိရိယာများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုးတက်ပြောင်းလဲမှုများ၏ အပြုသဘောဆောင်သည့် အကျိုးရလဒ်ကောင်းများဖြင့် ယှဉ်တွဲပေါင်းစပ်ပြီး အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်စေရအောင် မိမိနိုင်ငံသူနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းပကားကိုအားထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန် ဖြစ်ကြောင်း။

နှုတ်ခွန်းဆက်စကား

မြန်မာနိုင်ငံ ဗိသုကာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းယီလိတ်က မြန်မာနိုင်ငံဗိသုကာများအသင်းက ကြီးမှူးကျင်းပသည့် အထပ်မြင့် အဆောက်အအုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ယခုလို အခြေအနေအချိန်အခါမျိုး မှာ ပညာရပ်နယ်ပယ်ကဏ္ဍအသီးသီးက ပညာရှင်အစုအဖွဲ့များအားလုံးက မိမိတို့၏သက်ဆိုင်ရာသိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကား ပြန့်ပွားရေးအတွက် ကိုယ်စီကိုယ်စီ ကြိုးပမ်းစွမ်းဆောင်နေကြသည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းနေခြင်းကြောင့် အမိနိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ကောင်းများစွာကို တိုးပွားဖြစ်ထွန်းစေလျက်ရှိခြင်းမှာ များစွာအားရဂုဏ်ယူဖွယ်ကောင်းသည်ကို ပထမဦးစွာ ပြောကြားလိုကြောင်း။

ရွှေရတုပွဲအကြို

ယနေ့ မြန်မာနိုင်ငံ ဗိသုကာများ အသင်းကြီးအနေဖြင့် ဗိသုကာရွှေရတုပွဲအကြို လှုပ်ရှားမှုတစ်ရပ်အဖြစ် ယခုလို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါလှသည့် အထပ်မြင့်အဆောက်အအုံများနှင့်ပတ်သက်သည့် ဗိသုကာပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပနိုင်ခြင်းမှာ အခြေအနေ အချိန်အခါနှင့် များစွာဆီလျော် ကိုက်ညီလှသည့်အပြင် နိုင်ငံတော်အတွက်သော်လည်းကောင်း၊ ဗိသုကာပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ခေတ်မီတိုးတက်ဖြစ်ထွန်းရေးအတွက်သော်လည်းကောင်း အဘက်ဘက်က အကျိုးဖြစ်ထွန်းစေမှာ အမှန်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့၊ မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးပွားခိုင်မာပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေဖို့ ဘက်စုံကဏ္ဍစုံက ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း။

ဖြန့်ကြက်တည်ဆောက်နေ

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်တစ်ဝန်းလုံးမှာ ဆည်မြောင်းတာတမံတွေ၊ ရေအားလျှပ်စစ်လုပ်ငန်းကြီးတွေ၊ လမ်းမကြီးတွေနှင့် မြစ်ကူးတံတားကြီးတွေ၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းတွေနှင့် အပြည်ပြည်ဆိုင်ရာပင်လယ်ကူးသင်္ဘောဆိပ်ကမ်းတွေ စသည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို စနစ်တကျ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း။

တစ်ပြိုင်တည်းမှာပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူအများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးမှာ မရှိမဖြစ်သည့် မြို့ပြဖွံ့ဖြိုးရေး ကဏ္ဍမှာဆိုလျှင်လည်း ရန်ကုန်မြို့တော်ကြီးနှင့်တကွ တစ်နိုင်ငံလုံးမှာရှိသော မြို့ကြီးပြကြီးများကို နိုင်ငံတကာမြို့တော်ကြီးများ၊ မြို့ကြီးပြကြီးများ၏ အင်္ဂါရပ်များနှင့်ဆီလျော်စွာ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ခေတ်မီ တိုက်တာအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သန့်ရှင်းသပ်ရပ်လှသော စနစ်ကျသည့် အိမ်ရာစီမံကိန်းများ၊ ပြည်သူများအပန်းဖြေနားနေနိုင်မည့် ခေတ်မီအပန်းဖြေဥယျာဉ်ကြီးများ၊ နိုင်ငံတကာအဆင့်မီကုန်တိုက်ကြီးများ စသော မြို့ပြဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာစေရအောင် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ခံ့ညားထည်ဝါ

ထို့ကြောင့် ရန်ကုန်မြို့တော်အပါအဝင် မြို့ကြီးပြကြီးများမှာ အချိန်တိုကာလအတွင်းမှာ ခေတ်မီစနစ်ကျသည့် မြို့ကွက်ပုံစံများနှင့်အညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာခဲ့သည့်အတွက် ယခုဆိုလျှင် ခေတ်မီအဆင့်မြင့် တိုက်တာအဆောက်အအုံတွေ၊ ဘာသာရေးဆိုင်ရာ စေတီပုထိုး၊ ကျောင်း၊ ဇရပ်တွေ၊ ခေတ်မီအထပ်မြင့် ကွန်ဒိုမီနီယံအဆောက်အအုံတွေ၊ နိုင်ငံတကာအဆင့်မီ စီမံခန့်ခွဲရေးနှင့် စီးပွားရေးဗဟိုဌာန အဆောက်အအုံတွေ၊ ခေတ်မီကုန်တိုက်ကြီးတွေ၊ ခေတ်မီဘဏ်တိုက်ကြီးတွေ၊ အဆင့်မြင့်ဟိုတယ်ကြီးတွေနှင့် Service Apartments တွေ၊ နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းတွေ၊ အပန်းဖြေဥယျာဉ်ကြီးတွေ၊ မြို့တော်အင်္ဂါရပ်များနှင့် ပြည့်စုံသည့်ဥယျာဉ်မြို့တော်ကြီးတွေစသော အပြည်ပြည်ဆိုင်ရာစံနှုန်းဖြင့်ကိုက်ညီသည့် ခေတ်မီတိုက်တာအဆောက်အအုံတွေ နယ်ပယ်ကဏ္ဍစုံမှာ များစွာတိုးပွားပေါ်ထွန်းနေပြီဖြစ်ခြင်းကြောင့် ရန်ကုန်မြို့တော်ကြီးနှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံတကာမြင်ကွင်းမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံတော်ကြီးအဖြစ် တင့်တယ်ခံ့ညားထည်ဝါစွာရပ်တည်နိုင်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အချိန်တိုကာလအတွင်း အဆင့်အတန်းမြင့်မြင့်မားမားနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းမှာဗိသုကာပညာရှင်များ အပါအဝင် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံတော်အစိုးရဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ စသည့် အမျိုးသားရေး စွမ်းအားစုများအားလုံး၏ ညီညွတ်တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်မှုများကြောင့်ပင်ဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုကြောင်း။

အဓိကကျ

အထူးသဖြင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားစေရေးမှာ အရေးပါလှသည့် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီမြို့ပြအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ အဆင့်အတန်းပြည့်ဝစွာ အောင်မြင်ဖြစ်ထွန်းစေရေးမှာ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ၏ စွမ်းဆောင်ပေးမှုသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်းကို တစ်ဆက်တည်းပြောကြားလိုကြောင်း။

ဗိသုကာပညာရှင်များသည် မြို့ပြအဆောက်အအုံများကို မျက်စိပသာဒမှာ တင့်တယ်ခံ့ညားထည်ဝါပြီး နိုင်ငံတကာအဆင့်မီ အဆောက်အအုံတစ်ခု၏ အင်္ဂါရပ်များနှင့် ပြည့်စုံစေဖို့အပြင် အရည်အသွေးကောင်းမွန်ပြီး စံချိန်စံညွှန်းကိုက်ညီစေဖို့၊ ကြံ့ခိုင်ဘေးကင်းလုံခြုံစိတ်ချရဖို့အတွက်ပါ တိုးတက်နေသော နည်းပညာရပ်များဖြင့် အဓိကဖန်တီးပေးနေသူများဖြစ်ကြောင်း။

အထူးသဖြင့် ယနေ့အချိန်အခါတွင် နိုင်ငံတကာအဆင့်မီ အထပ်မြင့် အဆောက်အအုံများ အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချ ကြံ့ခိုင် ခိုင်ခံ့စွာ ပေါ်ထွန်းလာစေရေးမှာ ဗိသုကာပညာရပ်သည် အရေးပါပြီး ပဓာနကျသည့် အခန်းကဏ္ဍက ဖန်တီးဖော်ဆောင်ပေးနိုင်မှုကြောင့်ပင်ဖြစ်ကြောင်း။

ထူးခြားဂုဏ်ယူဖွယ်

မိမိတို့တပ်မတော်အစိုးရခေတ်ကာလမှာ နိုင်ငံတော်အတွင်း ပထမဦးဆုံးသော ခေတ်မီအထပ်မြင့်အဆောက်အအုံများစွာကို အောင်အောင်မြင်မြင် စတင်တည်ဆောက်လာနိုင်ခဲ့သကဲ့သို့ အထပ်မြင့်အဆောက်အအုံများကို မြန်မာဗိသုကာပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများ၊ မြန်မာတိုင်းရင်းသား ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ မြန်မာကျွမ်းကျင်လုပ်သားများ၏ စွမ်းပကားဖြင့် ပြည်ပအကူအညီမပါဘဲ ကိုယ့်အားကိုယ်ကိုး တည်ဆောက်နိုင်ခဲ့ခြင်းမှာလည်း ထူးခြားဂုဏ်ယူဖွယ်ကောင်းသည့် ကြိုးပမ်းမှုဟုဆိုရမှာဖြစ်ကြောင်း။

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးအဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိရာမှာ အထပ်မြင့်အဆောက်အအုံများအပါအဝင် နိုင်ငံတကာအဆင့်မီ မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ အဆောက်အအုံများကို မြို့ကွက်စနစ်ကျနစွာ အကွက်ချဖြန့်ကြက်တည်ဆောက်သွားနိုင်ဖို့အလွန်အရေးကြီးသည်ဟု နိုင်ငံတော်အစိုးရကခံယူထားခြင်းနှင့် အညီ မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီကို နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီး၏ အင်္ဂါရပ်များဖြင့် ဆီလျော်ညီညွတ်စွာ ဖြစ်ထွန်းလာစေဖို့ စနစ်တကျစီမံဆောင်ရွက်လျက်ရှိနေပြီလည်းဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်နေ

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ၏ ဦးဆောင်မှုအောက်မှာ အစိုးရဌာနဆိုင်ရာများအပြင် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများသည် တစ်ဦးချင်းအနေဖြင့်သော် လည်းကောင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာများအသင်း စသော အဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ပြီး ရန်ကုန်မြို့တော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာအဆင့်မီ တိုက်တာအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများမှာ ပါဝင်လက်တွဲ ဆောင်ရွက်နေကြပြီလည်းဖြစ်ကြောင်း။

ထို့အပြင် မြို့တော်အိမ်ရာစီမံကိန်းလုပ်ငန်းများ ခေတ်မီစနစ်ကျနရေး၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများကိုက်ညီရေး၊ အရည်အသွေးပြည့်ဝရေးနှင့် လုံခြုံစိတ်ချ ကြံ့ခိုင်၊ ခိုင်ခံ့စေရေးတို့အတွက် ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများပါဝင်သည့် **"အထပ်မြင့်အဆောက်အအုံများ ကြီးကြပ်မှုကော်မတီ"** ကို ဖွဲ့စည်းပြီး အဆောက်အအုံ အရည်အသွေးစစ်ဆေးမှု၊ နည်းပညာပေးမှု၊ ပညာရပ်ဆိုင်ရာအရ ကူညီပံ့ပိုးမှုများဆောင်ရွက်စေလျက်ရှိနေပြီဖြစ်ကြောင်း။

မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာနိုင်ငံဗိသုကာများ အသင်းက ကြီးမှူးကျင်းပသည့် အထပ်မြင့် အဆောက်အအုံများ နှင့်ပတ်သက်သည့် ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

ယခုလိုအခြေအနေအချိန်အခါမျိုးမှာ မြန်မာနိုင်ငံ ဗိသုကာများအသင်း၏ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် "Tall Buildings A Challenge For Myanmar Architects & Engineers" ဆွေးနွေးပွဲကို ယခုလို ကျင်းပပေးခြင်းသည် နိုင်ငံတော်အတွင်း ခေတ်မီအထပ်မြင့် အဆောက်အအုံများ အရည်အသွေးပြည့်ဝ စံချိန်စံညွှန်းကိုက်ညီစွာ ပေါ်ထွန်းလာရေးအတွက်များစွာ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

ရွှေရတုနှစ်ကာလ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အနေနှင့် ခေတ်သစ်ဗိသုကာ ပညာရပ်များကို ၁၉၅၄ ခုနှစ်က စတင်ပြီး

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ➪

မြန်မာနိုင်ငံ ဗိသုကာများအသင်း အထွေထွေအတွင်းရေးမှူး ဦးဆန်းဦးက မြန်မာနိုင်ငံ ဗိသုကာများ အသင်းက ကြီးမှူးကျင်းပသည့် အထပ်မြင့် အဆောက်အအုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် အခြေခံပုံစံ ထုတ်လုပ်ခြင်းနှင့် ပူးပေါင်းဆောင် ရွက်မှုအခန်းကဏ္ဍ စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မြောင်းမြမြို့နယ် မြင်းကဆိပ်(ပမ္မဝတီမြစ်ကူး)တံတား ပန္နက်တင်အခမ်းအနား တက်ရောက်

ရန်ကုန် မေ ၁၆

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မြင်းကဆိပ်(ပမ္မဝတီမြစ်ကူး)တံတား ပန္နက်တင် ရတနာပိုင်တိုင်စိုက်ထူခြင်း အခမ်းအနားကို ယမန်နေ့နံနက်၇နာရီတွင် မြောင်းမြမြို့နယ် ကျူသွပ်ကျေးရွာ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အမှာစကားပြောကြားပြီး ရတနာပိုင်တိုင်ကို စက်ခလုတ်နှိပ်၍ ရိုက်သွင်းပေးသည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ၌ လိုအပ်သည့် အခြေခံ အဆောက်အအုံများကို ဖြည့်ဆည်းပေးနေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်တစ်ဝန်းလုံး ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူ ဆက်သွယ်သွားလာနိုင်မှသာ တိုင်းပြည်၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီ နိုင်ငံတော်သစ်ဆီကို အမြန်ရောက်မှာ ဖြစ်သည်ဟု အခါမလပ် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်မိန့်ကြားချက်အတိုင်း နိုင်ငံတော်အတွင်း ပြည်နယ်၊ တိုင်းအသီးသီး၌ တစ်ပြည်လုံးအတိုင်းအတာဖြင့် လမ်းများ၊ တံတားကြီးများကို လက်တွေ့ အရှိန်အဟုန်ဖြင့် အကောင်အကောင်အထည်ဖော် ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ယခု တည်ဆောက်တော့မည့် မြင်းကဆိပ်တံတားသည်လည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း။

အပြောမဟုတ်

နိုင်ငံတော် အနေဖြင့် အပြောမဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ဒေသအသီးသီး၏ လူမှုရေး၊ စီးပွားရေးဘဝ တိုးတက်မြင့်မားမှုများ ရရှိနေပြီဖြစ်ကြောင်း၊ တစ်ချိန်က လမ်းပန်းဆက်သွယ်မှု အခက်အခဲ အားနည်းခဲ့သည့် ဧရာဝတီတိုင်းသည်လည်း ဤအကျိုးကျေးဇူးများ ခံစားနေရပြီဖြစ်ကြောင်း၊ ယနေ့အထိ ဧရာဝတီတိုင်းအတွင်း ကုန်းလမ်းခရီး မော်တော်ကားလမ်းအနေဖြင့် ကတ္တရာလမ်း ၄၀၃မိုင် ငါးဖာလုံ၊ ကျောက်ခင်းလမ်း ၆၂၇မိုင် တစ်ဖာလုံ၊ မြေသားလမ်း ၂၅၀မိုင် ငါးဖာလုံ၊ စုစုပေါင်း လမ်းအရှည်မိုင် ၁၂၈၁မိုင် သုံးဖာလုံအထိ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဓိကကျသည့် လမ်းမကြီးများဖြစ်သည့် ရန်ကုန် – ကျောင်းကုန်း – ပုသိမ်နှင့် ရန်ကုန် – ဇလွန်–ဟင်္သာတလမ်းပိုင်းကိုလည်း ပိုပြီး ကောင်းအောင် ဆောင်ရွက်နေသကဲ့သို့ ကျန်အပိုင်းများကိုလည်း ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ လမ်းအပိုင်းက တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေသည့်နည်းတူ မြစ်ကူးချောင်းကူးတံတားကြီးငယ်များကိုလည်း တိုးတက်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းအတွင်း ပေ၁၈၀အထက် တံတားကြီးပေါင်း၃၉စင်းကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်ဆဲဖြစ်သည့် အစင်း၄၀မြောက် ဖျာပုံတံတားနှင့် ၄၁စင်းမြောက် ငဝန်မြစ်ကူးတံတား(ပုသိမ်) တို့ကိုလည်း မကြာမီဖွင့်လှစ်နိုင်တော့မှာဖြစ်ကြောင်း၊ မြင်းကဆိပ်တံတားမှာ ၄၂စင်းမြောက် ဖြစ်ကြောင်း။

အနီးဆုံးဖြတ်လမ်း

မြင်းကဆိပ်တံတား မတည်ဆောက်မီက လပွတ္တာနှင့် မြောင်းမြမှာရှိသည့် ပြည်သူများအနေဖြင့် ပုသိမ်မြို့ကို သွားလိုပါကအိမ်မဲမှတစ်ဆင့် ကွေ့ပတ်ပြီးသွားလာရသည့်အတွက် ကြန့်ကြာမှုများရှိခဲ့ကြောင်း၊ ယခု တံတားတည်ဆောက်ပြီးပါက ပုသိမ်နှင့် မြောင်းမြကို တိုက်ရိုက် အနီးဆုံးဖြတ်လမ်းမှ အလွယ်တကူ ဆက်သွယ် သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့် အမျှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးကအစ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ကြပြီး ရိုးသားကြိုးစား ဧရာဝတီသားဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် ရိုးသားကြိုးစားစွာဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြပါ၊ မိမိတို့ဧရာဝတီတိုင်း အနေဖြင့်ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြပါဟု ပြောကြားသည်။

ဝိုင်းဝန်းကူညီ

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက မြင်းကဆိပ် (ပမ္မဝတီမြစ်ကူး) တံတားကြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ဒေသခံများကပါ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာတွင် ယခုတည်ဆောက်မည့်မြင်းကဆိပ် (ပမ္မဝတီမြစ်ကူး)တံတားမှာ ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်တို့ကို ဆက်သွယ်ပေးသည့် လမ်းကြောင်းပေါ်မှ တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ ပုသိမ်မြို့နှင့် မြောင်းမြမြို့တို့ကို ခရီးအချိန်တိုအတွင်း သွားလာနိုင်ရန် ဆက်သွယ်ပေးမည့် တံတားကြီးလည်းဖြစ်ကြောင်း။

အချိန်မရွေးသွားလာနိုင်

ဧရာဝတီတိုင်းသည် ယခင်က ရေလမ်းခရီး တစ်ခုတည်းကိုသာ အားကိုးနေခဲ့ရရာမှ ယခုနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ကားလမ်းကြီးများ၊ မြစ်ကူးတံတားကြီးများ တည်ဆောက်နိုင်ခဲ့၍ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ပေါင်း၂၆မြို့နယ် အနက် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ငပုတောမြို့နယ်မှအပ ကျန်၂၄မြို့နယ်တို့ကိုကားလမ်းဖြင့် အချိန်မရွေးသွားလာနိုင်ပြီဖြစ်ကြောင်း၊ ယခုတည်ဆောက်မည့်တံတားကြီး အချိန်မီပြီးစီးရေးနှင့် တံတားကြီး ပေါ်ပေါက်လာပါက ရေရှည် တည်တံ့ခိုင်မြဲစေရန် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ် စောထွန်းတို့သည် မင်္ဂလာပန္နက်တင်မည့်နေရာ၌ နေရာယူကြပြီး သတ်မှတ်နေရာ အသီးသီးတွင် ပန္နက်တိုင်များကို ရိုက်သွင်းပေးကြကာ အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ရတနာပိုင်တိုင်ရိုက်သွင်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စက်ခလုတ်နှိပ်၍ ရတနာပိုင်တိုင်ကို Vibro Hammer ဖြင့် ရိုက်သွင်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ရတနာပိုင်တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ရွှေမိုးငွေမိုးရွာသွန်းဖြိုး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခမ်းအနား အောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

အဆိုပါ မြင်းကဆိပ် (ပမ္မဝတီမြစ်ကူး) တံတားကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားအထူးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူး ဒေါ်စီစီသန်း ဦးဆောင်သော မြန်မာအမျိုးသမီး အင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။ တံတားကြီး၏ ချဉ်းကပ်တံတားအရှည်မှာ တစ်ဖက်လျှင် ပေ ၃၆၀စီရှိပြီး ပင်မတံတားအရှည်မှာ ပေ ၅၄၀ ရှိကာ စုစုပေါင်း တံတားအရှည် ပေ၁၂၆၀ရှိမည့်ကြိုးတံတားဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကြီးပြီးစီးသွားပါက ပုသိမ်မြို့နှင့် မြောင်းမြမြို့တို့ကို အနီးဆုံးဖြတ်လမ်းဖြင့် ဒေသခံများ ပိုမိုလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မြင်းကဆိပ်(ပမ္မဝတီမြစ်ကူး)တံတား ပန္နက်တင် ရတနာပိုင်တိုင်စိုက်ထူခြင်းအခမ်းအနားတွင် ရတနာပိုင်တိုင်ကို စက်ခလုတ်နှိပ် ရိုက်သွင်းစဉ်။
(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင်
မီးတွင် မပေါ့နှင့်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၈:၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၂၀ ၇။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သတ္တဗေဒ၊ ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၃၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅:၅၀ ၉။ ဆင်ဖြူရှင်တံတား
- ၆:၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
- ၆:၁၀ ၁၁။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၆:၂၀ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ (အရှေ့ပိုင်း)
- ၇:၂၀ ၁၆။ မွန်ရိုးရာဝတ်စားဆင်ယင်မှု
- ၇:၂၅ ၁၇။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း–၃၅)**
- ၂၂။ **ဘောလူစကားနားထောင်ပြြားက (ကျော်သူ၊ ပြည်ခန့်၊ စုံမက်နှင်း၊ မေသူ) (ဒါရိုက်တာ–သက်တင်)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

✧ နိုင်ငံတော်ဝန်ကြီးချုပ်မှ

ထို့နောက် သီတဂူဆရာတော် ဒေါက်တာဉာဏိဿရက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံများ ကျင်းပခဲ့ပုံများနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

ဩဝါဒမိန့်ကြား

ယင်းနောက် ဝန်ကြီးများနှင့် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ မြန်မာနိုင်ငံ၌ ကျင်းပရေး ကြိုတင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း လျှောက်ထားကြရာ သီတဂူဆရာတော်ဒေါက်တာဉာဏိဿရက ဩဝါဒမိန့်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်း မွမ်းမံပြင်ဆင်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးမှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက အကျော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံများ ကျင်းပခဲ့ပုံများနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူစဉ်။ (သတင်းစဉ်)

❒ အမျိုးသားညီလာခံမှ

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မေ ၁၇ရက်တွင် ကျင်းပမည့် အမျိုးသား ညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြည့်စုံစွာ ဆောင်ရွက်ထားရှိရေး၊ ညီလာခံကိုယ်စားလှယ်ကြီးများ ညီလာခံသို့ အဆင်ပြေ ချောမွေ့စွာ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ ကိုယ်စားလှယ်များ၏ ကျန်းမာရေး၊ နေထိုင်စားသောက် ရေးတို့နှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၀၄)တွင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အမျိုးသားညီလာခံ ဆွေးနွေးပွဲများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က ကိုယ်စားလှယ် များ၏ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေး၊ သက်သာ ချောင်ချိရေး ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြ ကြသည်။

မှာကြား

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ် သည်များကို မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညနေ ၅နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

➪ ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Education Zone ရှိ ပန်းမန်ပြကွက်၊ အာဟာရရည်ဖြင့် ဟင်းသီးဟင်းရွက် စိုက်ခင်းပြကွက်၊ သစ်ခွပန်းစိုက်ခင်းပြကွက်၊ ဟင်းသီးဟင်းရွက်နှင့် စင်တင် သီးနှံပြကွက်၊ သစ်သီးဥယျာဉ်ပြကွက်၊ ပရဆေးနှင့် ဟင်းခတ်အမွှေးအကြိုင် ပြကွက်များကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်ပြီး တည်ဆောက်ဆဲ ခေတ်မီငါးပြတိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Central Forest Zone ၌ ပုပ္ပားတောင်ကလပ်ပုံစံ Natural View Tower တည်ဆောက်ရန် စီစဉ်လျာထားသည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က Central Forest Zone ၌ သုံးဆင့်ရေတံခွန် တည်ဆောက်ရေးလုပ်ငန်းကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကန်တော်ကြီး ဥယျာဉ်အဆင့်မြှင့်တည်ဆောက်မှုလုပ်ငန်းများကို မိုးကာလရာသီဥတုအကြောင်းပြ ကာ လုပ်ငန်းများရပ်နားခြင်းမရှိစေဘဲ ရာသီဥတုအခြေအနေကို စောင့်ကြည့်ပြီး ဆောင်ရွက်နိုင်သမျှ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရန်နှင့် ဗဟိုအဆင့် ကလည်း လုပ်ငန်းခွင်ဆင်းပြီး စစ်ဆေးခြင်း၊ ဖြည့်ဆည်းပေးရန်များကို လုပ်နိုင် ကိုင်နိုင်အောင် ဖြည့်တွန်းအားပေးခြင်းများကို ဆောင်ရွက်သွားရန် မှာကြားကာ နံနက်ပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

(၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၁၆

(၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံကို မန္တလေးမြို့ရှိ မြန်မာနိုင်ငံ ဆရာဝန် အသင်း၌ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၉ရက်မှ ၂၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံအတွက် (၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက် ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်း ကိုယ်စားလှယ်များအား မေ ၂၂ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့် မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (ဘီ)၌ တွေ့ဆုံ ဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြား ထားကြောင်း သိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးတင်ဝင်း ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၆

ဘရူနိုင်း ဒါရူဆလမ်နိုင်ငံတွင် ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညပိုင်း တွင် လေကြောင်းခရီးဖြင့် ရန်ကုန် မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် အဖွဲ့အား ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အလုပ်သမားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ အလုပ်သမားဝန်ကြီးဌာန အောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် များနှင့် မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ အဖွဲ့ဝင် များအဖြစ် ပါဝင်တက်ရောက်ခဲ့ကြ သည့် အလုပ်သမားညွှန်ကြားရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်၊ အကြံပေးအရာရှိ ဦးအေးငွေနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော် ကျော်တို့လည်း ပြန်လည်လိုက်ပါလာ ကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်**
-Privatization &FDT in Myanmar
(ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၇။ မေးမြန်းစူးစမ်း
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဉာဏ်ကျယ်လေး (အပိုင်း-၂၂)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး ဒုတိယတွဲ (အပိုင်း-၁၇)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

မန္တလေးတိုင်း မိတ္ထီလာမြို့နယ်တွင် ကျေးရွာစက်ရေတွင်း တူးဖော်

ရန်ကုန် မေ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် မေ ၁၄ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အစိုးရကွန်ပျူတာကောလိပ်သွား ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် အောင်သာကျေးရွာ စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။ ထိုစက်ရေတွင်းမှာ အနက်ပေ ၂၀၀ ရောက်ရှိပြီဖြစ်ကြောင်းနှင့် စက်ရေတွင်း ပြီးစီးပါက သန့်ရှင်းသော သောက်သုံးရေရရှိသုံးစွဲနိုင်မည်ဖြစ်သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ချမ်းသာကြီးရွာသစ် ကျေးရွာ စက်ရေတွင်းတူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အနက် ၂၁၅ပေတွင် ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၅၀၀ ထွက်ရှိသဖြင့် ကျေးရွာရှိ ပြည်သူ ၃၄၀တို့ သန့်ရှင်းသော သောက်သုံးရေကို ရရှိပြီဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူး လမ်းဖောက်လုပ်မှုလုပ်ငန်းများ လှည့်လည်စစ်ဆေး

ရန်ကုန် မေ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မေ ၁၂ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ် ဝမ်ဆင်းကျေးရွာမှ နယ်မြေခံတပ်ရင်းခန်းမဆောင်၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တပ်တွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ဒေသခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–မိုင်ရှူး ကားလမ်းဖောက်လုပ်နေသည့် မိုင်တိုင်အမှတ်(၂၀)နှင့် (၂၁)ကြား လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လမ်းဖောက်လုပ်ရေးတာဝန်ခံ ဗိုလ်မှူးကြီးသာအောင်နှင့် လွိုင်လင်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သက်တို့က လမ်းဖောက်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးက လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့သည် ခိုလန်–ဝမ်ဆင်းလမ်း မိုင်တိုင် အမှတ်(၁၈)၌ လမ်းဖောက်လုပ်ရေးအတွက် လိုအပ်သော ကျောက်ထုတ်လုပ်မှုနှင့် ကတ္တရာခင်းနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ ဗိုလ်မှူးကြီးသာအောင်က ကျောက်တောင်မှ ကျောက်များ ထုတ်လုပ်စုဆောင်းရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၉)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာ လွိုင်လင်ခရိုင် လက်ထောက်အင်ဂျင်နီယာမှူး ဦးစိန်ဝင်းက ခိုလန်–ဝမ်ဆင်း လမ်းအပိုင်း ၄၄မိုင်ကို လမ်းခင်းဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ လုပ်ငန်းတာဝန်ခံ ဗိုလ်မှူးကြီးသာအောင်က ကျောက်ထုတ်လုပ်နိုင်မှုနှင့် ကတ္တရာခင်းနိုင်မှု အခြေအနေကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က မိုင်းကိုင်–ပန်ကေတု–တုံလောလမ်းကဲ့သို့ ခိုလန်–ဝမ်ဆင်း–မိုင်းနောင် – မိုင်းရှူးလမ်းကိုလည်း တပ်မတော်သားတို့၏ လုပ်အားဖြင့် ပိုမိုကောင်းမွန်ရေး ကြိုးပမ်းဖောက်လုပ်နေမှု၊ လမ်းခင်းရန် လိုအပ်သော ကျောက်များ ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်မှု၊ စက်ယန္တရား၊ စက်သုံးဆီနှင့် ကတ္တရာ ရရှိသုံးစွဲမှု၊ ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူး ၈၁မိုင် လမ်းဖောက်ပြီးပါက လဲချား–မိုင်းနောင် ၄၆မိုင်နှင့် ဖခီးလမ်းခွဲ–မိုင်းပုတ် ၂၇မိုင် တို့ကို ဆက်လက်ဖောက်လုပ်သွားမည့် အစီအစဉ်၊ ကျေးသီး–နမ့်ပုတ် ၁၆မိုင် ဖောက်လုပ်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးက အမှာစကားပြောကြားရာတွင် ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူး ၈၁မိုင်အား တပ်မတော်သားများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေသည့် လမ်းဖြစ်သည့်အတွက် ရေရှည်အသုံးပြုနိုင်သော လမ်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ လိုအပ်သော စက်သုံးဆီနှင့် ကတ္တရာ အချိန်မီရရှိနိုင်ရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ ခိုလန်–ဝမ်ဆင်း–မိုင်းနောင် ၄၄မိုင်ကို ဆောက်လုပ်ဆဲမှာပင် မိုင်းနောင်–မိုင်းရှူးလမ်းကိုလည်း လောလောဆယ် သွားလာမှုလွယ်ကူအောင် ပြုပြင်ဆောင်ရွက်ပေးရန် လိုကြောင်း၊ နိုင်ငံတော်၏ စေတနာနှင့် တပ်မတော်သားတို့၏ စွမ်းအားကို ပြသသည့်လမ်းဖြစ်သည့်အတွက် စံနူန်းပြည့် ဆောင်ရွက်ကြရန် လိုကြောင်း၊ လေ့လွင့် ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် လမ်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက်လည်း ဂရုပြုဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပ

ရန်ကုန် မေ ၁၆

စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်း စစ်ကိုင်းစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များရှိ စက်မှုဇုန်ဥက္ကဋ္ဌများ၊ စက်မှုဇုန်ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မုံရွာစက်မှုဇုန်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာတွင် ၂၀၀၄–၂၀၀၅ခုနှစ်ကို စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ စက်မှုလုပ်ငန်းရှင်များသည် အရှိန်အဟုန်ဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အားစိုက်ခွန်စိုက် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း၊ စက်မှုကဏ္ဍကို အကြီးမားဆုံးနှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်နိုင်မှသာ အနာဂတ်စက်မှုကဏ္ဍမှာ ခေတ်မီ ရှင်သန်မှာဖြစ်ကြောင်း။

၁၉၉၅ခုနှစ်မှစတင်၍ စက်မှုဇုန်များ တည်ထောင်ခဲ့ရာ ယခုအခါ စက်မှုဇုန် ၁၉ဇုန်အထိ တိုးတက်ဖွံ့ဖြိုးလာပြီဖြစ်ကြောင်း၊ စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များသည် သမားရိုးကျ တိုးတက်မှုဖြင့်သာ ရောင့်ရဲတင်းတိမ်မနေကြဘဲ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

စက်မှုဇုန်မှ စက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ အနေဖြင့် စက်ရုံတည်ဆောက်မှုလုပ်ငန်းများကို စုပေါင်းတာဝန်ယူတည်ဆောက်သွားကြရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ တည်ဆောက်ပြီးစီးရေး ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း၊ တစ်ချိန်ထဲ၌ ကျွမ်းကျင်လုပ်သားများပါ လေ့ကျင့်ပျိုးထောင် မွေးထုတ်ကြရန် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မုံရွာစက်မှုဇုန်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကျော်တို့က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ရေး မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော စစ်ကိုင်းစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက နိုင်ငံတော်၏ စေတနာကို လေးစားလိုက်နာ၍ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကဏ္ဍတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားသည်။

ထို့နောက်တိုင်းမှူးနှင့် ဝန်ကြီးများသည် မုံရွာမြို့ ဝင်းသူဇာအရောင်းဆိုင်၏ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးများသည် မုံရွာစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုလုပ်ငန်းရှင်များ၏ ဆိုင်ကယ်နောက်တွဲယာဉ်များကို လည်းကောင်း၊ လေးဘီးတပ် ထွန်စက်ငယ် Four Wheels Mini-tractor များနှင့် လယ်ယာသုံး ထွန်စက်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မုံရွာစက်မှုဇုန် အကြီးစား စက်ရုံတည်ဆောက်မည့် စီမံကိန်းသို့ ရောက်ရှိ၍ တိုင်းမှူးနှင့် ဝန်ကြီးများက လိုအပ်ချက်များကို မှာကြားပြီး စီမံကိန်းဝန်းကျင်၌ ထန်း၊ မန်ကျီး၊ ကုက္ကိုနှင့် သစ်ဆိမ့်ပင်များ စိုက်ပျိုးသွားရေး မှာကြားသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ တွဲဖက်အတွင်းရေးမှူး အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်တို့သည် မွန်းလွဲ ၂နာရီခွဲတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ စက်မှုဇုန်ဥက္ကဋ္ဌနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ဝန်ကြီး ဦးအောင်သောင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ဖြင့် စက်မှုဇုန်များအနက် မန္တလေး စက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် တောင်ကြီး (အေးသာယာ)စက်မှုဇုန်တို့ကို ရွေးချယ်ပြီး စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းများချမှတ်ခဲ့ရာ စက်မှုလက်မှုလုပ်ငန်းရှင်များဘက်မှ စီမံကိန်း အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် တက်ကြွစွာ ပါဝင်သွားရေး မှာကြားသည်။

ဆက်လက်၍မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်က မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ဝန်ကြီး ဦးအောင်သောင်းက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က နိုင်ငံတော်အနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရန် မြေတောင်မြှောက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းရှင်များသည် စက်ရုံစီမံကိန်းကြီး အမြန်ပေါ်ထွန်းလာရန် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးများသည် စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း Foundry Shop, Press Machine, Forging Machine, Heat Teatment Plant နှင့် Machine Shop စက်ရုံများ တည်ဆောက်မည့် မြေနေရာကို မြေပုံများနှင့် တိုက်ဆိုင်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးသည် မေ ၁၆ရက် နံနက်ပိုင်းတွင် မန္တလေးဘီယာစက်ရုံ ကနောင်ခန်းမ၌ အထက်မြန်မာပြည်ရှိ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းများအတွင်းရှိ စက်ရုံမှူးများနှင့် တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်း စစ်ကိုင်းစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များရှိ စက်မှုဇုန်ဥက္ကဋ္ဌများ စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးများ မုံရွာစက်မှုဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု–၁)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်စဉ်(၄၅၀) ဖြန့်ချိ



ရန်ကုန် မေ ၁၆

နိုင်ငံတကာသတင်းဂျာနယ် အမှတ်စဉ်(၄၅၀)ကို ယနေ့(တနင်္လာနေ့) စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ဝဲပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့"ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့်သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ရုရှားဝန်ကြီးချုပ်သစ်၊ အေသင်အိုလံပစ်ပွဲတော်လုံခြုံရေး၊ နော်ရူးနိုင်ငံ၊ မငြိမ်းချမ်းနိုင်သေးသည့် ချေချင်းညာ၊ အီရတ်သို့ရောက်ရှိလာသည့် ရမ်းစဖဲလ်နှင့် အီရတ်အကျဉ်းသားများ ညှဉ်းပန်းခံရမှု၊ တရုတ်ပြည်၏ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ၊ ကာလကတ္တားက လန်ချား၊ ဘယ်ဂျီယံခရီးသွားလုပ်ငန်း၊ အမေရိကန်၏ လူ့အခွင့်အရေးမှတ်တမ်း၊ အိန္ဒိယနိုင်ငံရေး၊ အီရတ်ရောက်ရုရှားအလုပ်သမားများ၊ အကျဉ်းသားများညှဉ်းပန်းမှု အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦးကို စွဲချက်တင်၊ ကမ္ဘာ့ဝါးမျိုး မျိုးသုဉ်းနိုင်မှု သတိပေးချက်၊ အကြမ်းဖက်မှုနှင့် အမေရိကန် စသည့်သတင်းများနှင့် သတင်းဆောင်းပါးများ ပါရှိသည်။

(ကြေးမုံ)

➪ စာမျက်နှာ ၉ မှ

BOC College မှာ စတင်ဖွင့်လှစ်သင်ကြားခဲ့သည့်အတွက် ယခု ၂၀၀၄ခုနှစ်သည် မြန်မာနိုင်ငံအတွက် ဗိသုကာရွှေရတုနှစ်ကာလဖြစ်သည့်အလျောက် ဗိသုကာရွှေရတုအထိမ်းအမှတ် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် မြန်မာ့ဗိသုကာလက်ရာသမိုင်းမှာ အထင်ကရမှတ်တိုင်တစ်ခုအဖြစ် မော်ကွန်းရေးထိုးရမည့် ခေတ်မီအထပ်မြင့်အဆောက်အအုံများတည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည့် ယခုဆွေးနွေးပွဲကြီးကို အောင်အောင်မြင်မြင်ကျင်းပခြင်းမှာလည်း အမျိုးသားရေးအဓိပ္ပာယ်၊ အမျိုးသားရေးအနှစ်သာရနှင့် ပြည့်ဝသည့် အစီအစဉ်တစ်ရပ်ဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုကြောင်း။

မြန်မာ့ဗိသုကာပညာသမိုင်းကို ပြန်ကြည့်လျှင် ယခုခေတ်ကာလကျမှပေါ်ထွန်းလာခဲ့သည်မဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှုသမိုင်းခေတ်ဦးအစကပင် အဆင့်အတန်းမြင့်မားစွာ ဖြစ်ထွန်းနေသည်ကိုတွေ့နိုင်ကြောင်း၊ ပထမမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် အနော်ရထာမင်းကြီးလက်ထက် ပုဂံခေတ်ကာလက တည်ထားကိုးကွယ်ခဲ့သော ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများ၏ ထူးခြားသည့် ဗိသုကာလက်ရာများမှာ ယနေ့ခေတ်ကာလ ပညာရှင်များပင် အံ့သြချီးကျူးကြရကြောင်း။

ဤကဲ့သို့ နှစ်ပေါင်းထောင်ချီ ဖြစ်ထွန်းလာခဲ့သည့် မြန်မာ့ဗိသုကာလက်ရာများမှာ နိုင်ငံတကာနှင့် ယှဉ်ကြည့်လျှင် ရှေ့တန်းမှာရှိသည်မှာ ထင်ရှားကြောင်း။

ပေါင်းစပ်မြှင့်တင်

သို့ဖြစ်၍ ဘိုးဘေးဘီဘင် လက်ထက်ကစတင်၍ ထိပ်တန်းတွင်ရှိခဲ့သော မြန်မာ့ဗိသုကာပညာရှင်များ၏ မြင့်မားသည့်အတတ်ပညာ၊ သိမ်မွေ့နက်နဲသည့် အတွေးအခေါ်အယူအဆတို့ကို ပြန်လည်ဖော်ထုတ်ပြီး ခေတ်သစ်ဗိသုကာပညာရပ်များဖြင့် ပေါင်းစပ်မြှင့်တင်သွားမည်ဆိုသည့်ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

ယနေ့နိုင်ငံတကာမှာ သိပ္ပံနှင့် နည်းပညာရပ်များနှင့်အတူ ဆက်စပ်ပေါ်ထွန်းလာနေသော မြို့ပြတိုးတက်ဖြစ်ထွန်းမှုများကြောင့် နိုင်ငံတကာအဆင့်မီတိုက်တာအဆောက်အအုံများ တည်ဆောက်ရာတွင် ဖြည့်ဆည်းအကောင်အထည်ဖော်ပေးရမည့် အရည်အသွေးဆိုင်ရာ လိုအပ်ချက်များကို အထူးအလေးထားဆောင်ရွက်နေကြရသကဲ့သို့ ဗိသုကာပညာရပ်များမှာလည်း ထူးထူးခြားခြား အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် အခြေအနေတွေ တွေ့မြင်နေရပြီဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ယခုလိုအခြေအနေအချိန်အခါမျိုးမှာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ အရည်အသွေးများဖြင့် ပြည့်စုံသည့်ခေတ်မီအထပ်မြင့်အဆောက်အအုံများ ပေါ်ထွန်းလာစေဖို့ ဗိသုကာပညာရပ်များဖြင့် အထောက်အကူပြုနိုင်စေရေးအတွက်သော်လည်းကောင်း၊ နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများနှင့် တစ်ပြေးညီ ဗိသုကာပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သော်လည်းကောင်း၊ ဗိသုကာပညာရှင်များအားလုံးက အမျိုးသားရေးစိတ်ဓာတ်ပြင်းပြထက်သန်စွာဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြဖို့ အထူးလိုအပ်သည်ကို ပြောကြားလိုကြောင်း။

ဤရည်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးအတွက် ယခုကျင်းပသည့် အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်သည့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကြီးကနေ ထူးခြားကောင်းမွန်သော အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း၊ ယင်းသို့ အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းစေရေးအတွက်လည်း ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများအားလုံးက တက်ကြွစွာပါဝင်ဆွေးနွေးပြီး ရရှိဖြစ်ထွန်းလာမည့် အကျိုးရလဒ်ကောင်းများမှတစ်ဆင့် နိုင်ငံတော်၏ ရည်မှန်းချက်များအောင်မြင်ပြည့်မြောက်စေရအောင် ဆက်လက်အားထုတ် ကြိုးပမ်းစွမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနဲ့ပြောကြားလိုသည်မှာ–

- **ယနေ့ကျင်းပသည့် ဗိသုကာပညာရပ်ဆိုင်ရာဆွေးနွေးပွဲကြီး ရည်မှန်းချက်များဖြင့်အညီ အောင်မြင်ဖြစ်ထွန်းပါစေ၊**
- **ဗိသုကာပညာရပ်များခေတ်နှင့်တစ်ပြေးညီတိုးတက်ဖြစ်ထွန်းမှုနှင့်အတူ အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရအောင် ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများအားလုံးက အမျိုးသားရေးတာဝန်ကျေပွန်စွာဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်ပေးနိုင်ကြပါစေဟု ဆန္ဒပြုကြောင်း**

ပြောကြားသည်။

စာတမ်းဖတ်ကြား

ယင်းနောက် မြန်မာဗိသုကာများအသင်း အထွေထွေအတွင်းရေးမှူး ဦးဆန်းဦးက အခြေခံပုံစံ ထုတ်လုပ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍ (Design Considerations & Importance of Team Work) စာတမ်းကို ဖတ်ကြားတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park)ပရဝဏ်အတွင်း၌ တည်ဆောက်မည့် Cyber Tower အထပ်မြင့်အဆောက်အအုံပုံစံငယ်နှင့် အထပ်မြင့်အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖတ်ကြားဆွေးနွေး

ယနေ့ကျင်းပသည့် အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲတွင် Tall Buildings in the Context of Urban Development စာတမ်း၊ The Role of Architecture in Seismic Design စာတမ်း၊ Basic Mechanical & Electrical Considerations for Tall Buildings စာတမ်းနှင့် Existing High Rise Building Projects in Yangon စာတမ်းတို့ကို စာတမ်းရှင် အသီးသီးက ဖတ်ကြားဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒေသနှင့်ကိုက်ညီသည့်သီးနှံများ မြေလွတ်မြေရိုင်း ဖော်ထုတ်စိုက်ပျိုး ဒေသဖွံ့ဖြိုးတိုးတက်ရေး အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ပလောက်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၃ရက်နံနက်ပိုင်းတွင် ထားဝယ်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ထားဝယ်–မြိတ် ကားလမ်းအခြေအနေကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့သည် ပုလောမြို့နယ် ပလောက်မြို့ စုပေါင်းရုံးသို့ ရောက်ရှိပြီး ဆက်သွယ်ရေးစခန်းတွင် တယ်လီဖုန်းဆက်သွယ်မှုရရှိမှု အခြေအနေကိုလည်းကောင်း၊ ဌာနဆိုင်ရာရုံးခန်းများနှင့် ဝန်ထမ်းအိမ်ရာများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာ ရေးဦးစွာ ပလောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးဆောင်ရွက်မှု အခြေအနေ၊ ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်း စိုက်ပျိုးမှု၊ မြေယာဖော်ထုတ်ဆောင်ရွက်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် မြိတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပုလောမြို့နယ်၏ ရုံးဌာနအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာနှင့် ဝန်ထမ်းများရောက်ရှိ တာဝန်ထမ်းဆောင်မှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများကိုသိရှိပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသနှင့်ကိုက်ညီသည့် သီးနှံများအား မြေလွတ်မြေရိုင်းများဖော်ထုတ်၍ တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေး လုပ်ငန်းဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်မြေဒေသ အေးချမ်းတည်ငြိမ်ပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသည်နှင့်အမျှ ဒေသ၏ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ထားဝယ်–မြိတ် ကားလမ်းပေါ်ရှိ ဘုတ်ခြံ–ဒေါ–မြိတ်၊ မြိတ်ရှောင်ကွင်းလမ်းသစ် ဖောက်လုပ်ထားမှု အခြေအနေ၊ ပပြင်တံတား တည်ဆောက်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေါကျေးရွာရှိ မြိတ်ရှောင်ကွင်းလမ်း ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးခင်မောင်ကျော်က လမ်းဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးရဲမြင့်ဆွေနှင့် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးချစ်ပန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မိုးရာသီတွင် မော်တော်ယာဉ်များ သွားလာနိုင်အောင် ကျောက်ချောလမ်းအဆင့် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ကျန်လုပ်ငန်းများလည်း သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးအောင် ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မေ ၁၅ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း မြိတ်မြို့ စန္ဒဝတ်ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် မဟာသိဒ္ဓိဇယ စေတီတော်၊ သတ္တဌာန မူလဌာပနာတော်၊ အလယ်ဌာနပနာတော်သွင်းလှူခြင်းနှင့် ပန်းလည်တိုင်စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ တပ်မတော်အရာရှိကြီးများ၊ တနင်္သာရီတိုင်း သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံပြည်သူများတက်ရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(မန္တလေး)ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဦးသန်းအောင် အမှာစကားပြောကြား

ရန်ကုန် မေ ၁၆

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ၂၀၀၄ခုနှစ် အမျိုးသား ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် မန္တလေးမြို့ ပညာရေးကောလိပ်ရှိ ပညာတန်ဆောင်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်တို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) နှင့် အခြေခံပညာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ အတွင်းရေးမှူး၊ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်နှင့်ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယကနှင့် ကော်မတီဝင်များ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းပညာရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် ပညာရေးမှူးများ၊ ပညာရေးကိုယ်စားလှယ် ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဂုဏ်ပြုလှူဒါန်း

မေ ၁၆ရက်က အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲတွင် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က Nibban Electric & Electronics **မှ အထွေထွေမန်နေဂျာ ဒေါက်တာအောင်သိန်း လှူဒါန်းသောငွေ ၁၀၃၂၆၃၉ ကျပ်တန်ဖိုးရှိ** NIBBAN 2in I TV Antenna (Model; NA 330) **၆၄စုံကို လက်ခံယူစဉ်။** (သတင်း–၂) (သတင်းစဉ်)

ဆွမ်းစားကျောင်းဆောက်လုပ်ရေး အလှူငွေပေးအပ်

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်း သုခမွာ တိုက်ကျောင်း သဒ္ဓမ္မဇောတိကဓဇ မဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တ ဝါယမ၏ ဆောက်လုပ်ဆဲအောင်မြေရတနာသုံးထပ်ဆွမ်းစားကျောင်း အတွက် စတုတ္ထအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို မေ ၉ရက်က ယင်းကျောင်းတိုက်၌ကျင်းပသည်။

အလှူငွေပေးအပ်ပွဲကျင်းပရာတွင် ဦးအောင်မင်းထွန်း–ဒေါ်ထွန်း အိန္ဒြာဗို(ရုပ်ရှင်သရုပ်ဆောင်) မိသားစုက ကျောင်းဆောင်တစ်ထပ် အတွက် ငွေကျပ်သိန်း ၃၀၀အား ပထမအရစ်အဖြစ် ကျပ်သိန်း ၁၀၀**(အပေါ်ပုံ)**၊ ဦးစိန်လှိုင်–ဒေါ်ဆွေဆွေမာ(စိန်ဘရားသား ရောင်းဝယ်ရေး၊ ဘုရင့်နောင်) မိသားစုက ငွေကျပ် ၁၀သိန်း၊ ကျောက်မြောင်းနေ ဦးလှမြင့်–ဒေါ်ခင်လေးရီမိသားစုက ငွေကျပ် ခြောက်သိန်း၊ မဟာဗန္ဓုလလမ်း အမှတ် ၈၂၃နေ ဒေါ်ညွှန့်ရွှေမိသားစုက ငွေကျပ် ၁၀သိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းဆောင်ကြီး ဖြစ်မြောက်ရေးကြီးကြပ်မှုအင်ဂျင်နီယာများက လက်ခံရယူကြသည်။

(က–ပ)

မေ ၃ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်း အမှတ် (၁၅/ဘီ)နေ ဦးဟုံအင်၊ ဒေါ်မြင့်မြင့်သန်း(သမီး)မဝင်းယုမွန်၊ မဇင်ဇင်ယု မိသားစုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ လှူဒါန်းစဉ်။

(က–ပ)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

ဝံသာနုသတင်းလွှာ အတွဲ(၁၃) အမှတ်(၁၀) ထုတ်ဝေ

ရန်ကုန် မေ ၁၆

နှစ်ပေါင်းထောင်ချီ ဖြစ်တည်ရှင်သန်လာခဲ့သာ ပြည်ထောင်စုမြန်မာတိုင်းရင်းသားတို့၏ စုစည်းညီညွတ်မှု နိမိတ်ပုံ အလှနှင့် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း အနီးရှိ ကျောက်ကလပ်ပင်လယ် ကမ်းခြေမှ မြန်မာ့သဘာဝ အလှတို့ကိုပုံရိပ်ထင်ထားသော မျက်နှာဖုံးဖြင့် “ဝံသာနု” သတင်းလွှာ အတွဲ(၁၃) အမှတ်(၁၀)ကို ယနေ့ ထုတ်ဝေလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

“ဝံသာနု”သတင်းလွှာတွင် မန္တလေး ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် မဟာသင်္ကြန်နှစ်ခါကျမည်ဟူသော ကောလာဟလ၊ မကာအိုတွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကျင်းပ၊ ကုန်တင်လှေနစ်မြုပ်ရာတွင် ပါသွားသော ဘုရားဆင်းတုတော် အချို့ ပြန်လည်ဆယ်ယူရရှိ၊ မြန်မာကာတွန်းရုပ်ရှင် သမိန်ပေါသွပ် လာပြီ၊ မြန်မာတွေစည်းကမ်းရှိဖို့ အချိန်တန်ပြီ(၃)စသောပြည်တွင်း သတင်းများနှင့် ဆောင်းပါးများ အပါအဝင် အီရတ်အကျဉ်းသားများအား အမေရိကန်နှင့်ဗြိတိန် တပ်ဖွဲ့ဝင်တို့၏ လူမဆန်သော နှိပ်စက်ညှဉ်းပန်းမှု၊ အကြမ်းဖက်သမားကွန်ရက်၊ ထိုင်းနိုင်ငံတွင် နိုင်ငံကူးလက်မှတ် အတုလုပ်သူများဖမ်းဆီး၊ အာဖဂန်နစ္စတန်တွင် အမေရိကန်ဘောလုံးသမားသေဆုံး၊ အမှုများစွာရင်ဆိုင်နေရသော ပေါ့ပ်တေးဂီတဘုရင်၊ AIDS ရောဂါတိုက်ဖျက်ရေးတွင် ဂျက်ကီချမ်းပါဝင် စသည့် ပြည်ပ သတင်းများတို့ဖြင့် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ၊ အမှတ် ၄၁၊ ၂၉လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။

(က–ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ (၂၉/၂၇၁)၊ မင်းလမ်း၊ ရွှေပြည်သာမြို့နေ
ဦးကျော်ဇင်နှင့် ဒေါ်မြင့်မြင့်ခင်
တို့၏ သားထွေး
မောင်ဗိုလ်ဗိုလ်ဇင် နှင့်
ရန်ကုန်မြို့၊ (၁၄စီ၊ အခန်း ၆)၊ မကြီးကြီးလမ်း၊
စမ်းချောင်းနေ
Capt; ဦးလှဝင်းမောင်နှင့် ဒေါ်ဆွေဆွေတင်
တို့၏ သမီးကြီး
မဇာဖြူဝင်း

တို့သည် ၁၅–၅–၂၀၀၄ (စနေနေ့)တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဗိုလ်ဗိုလ်ဇင်–မဇာဖြူဝင်း။





ရိုးရာလက်ဝှေ့ပွဲရက်ရွှေ့

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာ ကော်မတီ ရန်ပုံငွေပွဲအဖြစ် တောင်ဒဂုံမိုးလုံလေလုံအားကစားရုံတွင် မေ ၂၂ရက်နှင့် ၂၃ ရက်၌ ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ရက်ရွှေ့ထားကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မင်္ဂလာညစ်ခံပွဲ ကျေးဇူးတင်လွှာ

မိတ္ထီလာမြို့၊ နန်းတော်ကုန်းလမ်း၊ အမှတ် ၃၃ နေ
(ဦးအောင်ဇော်)–ဒေါ်ခင်မြဝင်းတို့၏ သား
မောင်အောင်ကျော်မင်း (B.A Geography)
Managing Director (Great Fame Co.,Ltd) နှင့်
ဒိုက်ဦးမြို့၊ အောင်ချမ်းသာလမ်း၊ အမှတ်(၅၄)နေ
ဦးကျော်မြင့်(လ/ထတိုင်းပညာရေးမှူး–ငြိမ်း)–ဒေါ်တင်ဦး [အထက်တန်းပြ (ငြိမ်း)]တို့၏ သမီး
ဒေါက်တာအေးမြတ်ဦး M.B.,B.S (Y.G.N)
M.Med,Sc (Part-1,Ophthalmology)
ဆေးတက္ကသိုလ်(၁) ရန်ကုန် တို့၏

၁၆–၅–၂၀၀၄ ရက် Traders Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစ်ခံပွဲ၌ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး နှင့် ဇနီးဒေါ်ကြည်ကြည်အုန်းအားလည်းကောင်း၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည်စိုးနှင့် ဇနီး ဒေါ်အေးပြည့်ဝေခင်အား လည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းအားလည်းကောင်း၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မြဝတ်ရည်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော သားစစ်ရန်နိုင်နှင့် သမီးအိငုံဖူးတို့အားလည်းကောင်း၊ ၁၆–၅–၂၀၀၄ Traders Hotel တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်အောင်ကျော်မင်း–မအေးမြတ်ဦး။

ကျန်းမာရေးသတင်းစနစ် အားဖြည့်ဆောင်ရွက်ရေး သင်တန်းဖွင့် စံပြဆုရမြို့နယ်များအား ဆုများချီးမြှင့်ပေးအပ်

လှိုင်ကော် မေ ၁၀

ကယားပြည်နယ် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်း စနစ် အားဖြည့်ဆောင်ရွက်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၆ ရက်က ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ကျန်းမာရေး စီမံကိန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်တင်လင်းမြင့်က ၂၀၀၃ ခုနှစ်အတွက် ကယားပြည်နယ်အတွင်း ကျန်းမာရေးသတင်းစနစ် ဆောင်ရွက်မှု စံပြဆုရ ဒီမော့ဆို၊ ဖရူဆို၊ ရှားတော မြို့နယ်များကို ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ် ဥက္ကဋ္ဌ၏ဇနီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခိုင်သက်မွန်၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လှိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်များမှ သင်တန်းသား၊သင်တန်းသူ ၂၈၄ဦး တက်ရောက်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

စစ်ဆေး

ဧပြီ ၂၃ ရက်က မန္တလေးတိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ရဲကျော်သူရဲသူရသန်းကျော်ကျော်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့်အဖွဲ့ မန္တလေးအောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် မီးသတ်ယာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (၃၈၇)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သန်မြန်သူမော်တော်ယာဉ်လိုင်း ကြီးကြပ်ရေး ကော်မတီဌာနခွဲ(၃) လက်အောက်ရှိ အမှတ်(၇၇)ယာဉ်လိုင်း ဝန်ထမ်းများနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ဧပြီ ၁၈ ရက်က ခရမ်းမြို့နယ် ဘိုးဘွားရိပ်သာသို့ အာဟာရဒါနအတွက် ငွေကျပ် ၁၀၀၀၀၀ ရှိ ငွေပဒေသာပင်နှင့် ပစ္စည်းများ လှူဒါန်းရာ ဌာနခွဲမှူးကိုယ်စား ဒုလက်ထောက်ဌာနခွဲမှူးနှင့် ယာဉ်လိုင်းရှင် ကိုယ်စားလှယ်များက လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

စီမံကိန်းသီးနှံ စိုက်ပျိုးရေးတာဝန်ပေး မိုးသီးနှံ တိုးချဲ့စိုက်ပျိုးရေးဆွေးနွေး

ရမ်းဗြဲ မေ ၁၀

ရမ်းဗြဲမြို့နယ်၏ ၂၀၀၄–၂၀၀၅ခုနှစ် စီမံကိန်းသီးနှံများစိုက်ပျိုးရေးတာဝန်ပေး အပ်ပွဲအခမ်းအနားကို ဧပြီ ၂၇ရက်က မြို့နယ်ရုံးရမ္မာဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်က လာမည့်နှစ်တွင် စိုက်ပျိုးရမည့် မိုးသီးနှံများ၊ တိုးချဲ့စိုက်ပျိုးရမည့် ပလပ်မြေ ၁၅၀၀နှင့် ပုစွန်ကန်ဧက ၂၀၀၀အတွက် မြေရိုင်းများထားရှိမှုအခြေအနေ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးမြဆောင်က ၂၀၀၄–၂၀၀၅ ခုနှစ် စီမံကိန်းသီးနှံစိုက်ပျိုးရမည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အကျယ်တဝင့်ရှင်းလင်းတင်ပြပြီး စီမံကိန်းသီးနှံအဓိက ရှေ့တန်းစခန်းများ ဖြစ်သည့်အတွင်းပြင် ရှေ့တန်းစခန်း၊ ရွာကြီးရှေ့တန်းစခန်း၊ ရမ်းသစ်ရှေ့တန်းစခန်း၊ ဟုံးဝစခန်းများသို့ စီမံကိန်း သီးနှံစိုက်ပျိုးရေးတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်က အသီးသီး ပေးအပ်လိုက်သည်။ **(အပေါ်ပုံ)**

ရမ်းဗြဲမြို့နယ်၌ ယခင်နှစ် မိုးစပါးစိုက်ဧကမှာ ၄၄၈၁၄ ယခုနှစ်တိုးချဲ့ဧက ၃၅၀၀၊ ယခုနှစ်စိုက်ပျိုးရန် ဧကပေါင်းမှာ ၄၈၃၁၄ ဧက ဖြစ်ကြောင်း သိရှိရသည်။ (၅၂၂)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ရှင်း ကျောက်ခင်းလမ်း ဆောင်ရွက်မှုဖြည့်ဆည်း

ပြင်ဦးလွင် မေ ၁၀

ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပါစည်နှင့်ဌာနဆိုင်ရာများပါဝင်သော အဖွဲ့သည် ဧပြီ ၂၉ ရက်က ပြင်ဦးလွင်မြို့နယ် ပေါက်တောကျေးရွာ၊လက်ပန်ကုန်းကျေးရွာနှင့် နောင်ဝယ်ကျေးရွာများသို့ ကွင်းဆင်းလျက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ငါးရပ်တို့အား ကျေးရွာ လူထုနှင့်တွေ့ဆုံ၍ ရှင်းလင်းပြောကြားသည်။

မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်နှင့် ဌာနဆိုင်ရာအဖွဲ့သည် ကျေးရွာများရှိ သောက်ရေ၊ သုံးရေသန့်ရှင်းရေးအတွက် သောက်သုံးရေကန်များ၊ ကျန်းမာရေးဆေးပေးခန်းများ၊ အခြေခံပညာမူလတန်းကျောင်းများ၊ စိုက်ပျိုးရေး လုပ်ငန်းများနှင့် အိမ်တိုင်း ယင်လုံအိမ်သာထားရှိရေး လုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပြင်စာကျေးရွာမှ ပေါက်တော– လက်ပန်ကုန်း – နောင်ဝယ်ကျေးရွာ ရွာချင်းဆက် မြေသားလမ်းမှ ကျောက်ခင်းလမ်းများအဖြစ်ဆောင်ရွက်နေသောလမ်းများကို ကြည့်ရှုပြီးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(၄၂၁)**

မီးဘေးအန္တရာယ် ပညာပေးဟောပြော

မိုးကောင်း မေ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာဈေး မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး စီမံချက်အရ မြို့နယ်အရန်မီးသတ်တပ်ရင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ် ပညာပေးဟောပြောပွဲနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း ရှင်းလင်းပွဲ အခမ်းအနား ကို မေ ၄ ရက်က အဆိုပါဈေး၌ ကျင်းပသည်။

အခမ်းအနားအပြီးတွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်ဆွေ၊ မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော် နှင့်အဖွဲ့သည် မီးဖိုမီးနှင့် လျှပ်စစ်မီးသုံးစွဲသော ဈေးဆိုင်များ၊စားသောက်ဆိုင်များကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ် ပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြသည်။ **(၄၉၉)**

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို တနင်္သာရီတိုင်း မြိတ်မြို့ မြို့မအားကစားကွင်းတွင် မေ ၅ ရက်က ကျင်းပရာ တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးတင်မင်းနှင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ရဲကျော်သူမျိုးသန့်တို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ငါးစီးဖြင့် မီးသတ်စွမ်းရည်ပြသစဉ်။

(ခရိုင်ပြန်/ဆက်)

ကြေးမုံ The Mirror မြို့နယ်သတင်းများ

ကျေးလက်ပြည်သူများ သောက်သုံးရေရရှိရေး

လျော်ဖြူ(တောင်) ကျေးရွာ၌ စက်ရေတွင်းဖွင့်

နွားထိုးကြီး မေ ၉

ကျေးလက်ဒေသနေပြည်သူများသန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ မေ ၂ရက် နံနက်က လျော်ဖြူ(တောင်) ကျေးရွာရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးမြင့်ကြည်၊ မြို့နယ်မိခင်နှင့် ကလေးအသင်းဥက္ကဋ္ဌဒေါ်နွဲ့နွဲ့သန်းနှင့် လူမှုရေးအသင်းအဖွဲ့များ၊ကျေးလက်နေ ပြည်သူများတက်ရောက်ကြသည်။

— ဖဲကြိုးဖြတ်ဖွင့်လှစ် —

အဆိုပါစက်ရေတွင်းအား မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေနှင့် အမှုဆောင်အရာရှိ ဦးအေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** စက်ရေတွင်းကို ရန်ကုန်မြို့ စမ်းချောင်း စွမ်းရိပ်သာလမ်း (၂၄/က)နေ ဒေါ်ခင်လေးမွန်မိသားစုက အလှူငွေကျပ် ငါးသိန်းနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ငွေကျပ် သုံးသိန်း စုစုပေါင်းငွေကျပ် ရှစ်သိန်း အကုန်အကျခံ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ (၉၄)

ဆားလင်းကြီးမြို့နယ်အလှူရှင်စက်ရေတွင်းဖွင့်လှစ် ကျေးရွာနေပြည်သူများသောက်သုံးရေဖူလုံစွာရရှိ

ဆားလင်းကြီး မေ ၁၂

ဆားလင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ပြီး စတုတ္ထအကြိမ် အလှူရှင် စက်ရေတွင်းဖြစ်သည့် အလှူရှင် သီဟသုဓမ္မသီဂီဒေါ်ဆယ်မိသားစုက လှူဒါန်းသောစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဆားလင်းကြီးမြို့နယ် စူဠာကျေးရွာတွင် မေ ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ တက်ရောက်ပြီး အလှူရှင် စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းသည် ၂လက်မ x ပေ၄၀၀ အမျိုးအစားဖြစ်ပြီး ရေထိပ် ပေ၄၀၊ တစ်နာရီ ဂါလန် ၁၅၀၀၀ ထွက်ရှိပြီး အလှူရှင်လှူဒါန်းငွေကျပ်၅၀၀၀၀၀၊ နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၂၇၆၀၀၀ စုစုပေါင်း ငွေကျပ် ၇၇၆၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာနေပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရွှေတောင်မြို့နယ်၌သွားလာမှုလွယ်ကူရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး တံတားတည်ဆောက်

ရွှေတောင် မေ ၄

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် လမ်းများပြုပြင်ခြင်း၊ ခုံးတံတားများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကွင်းဆင်းကြပ်မတ်

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကြာနီကန်ရပ်ကွက် ပြည်–ရန်ကုန် လမ်းမကြီးနှင့် ဖိုးခေါင်ရှမ်းတန်းလမ်း ထိပ်ခုံးတံတား တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၃) ဦးရဲနောင်တို့ မေ ၄ ရက်က ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်ပေးကြသည်။ **(ယာပုံ)**

၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ် အတွင်း လမ်းတံတားတည်ဆောက် ပြုပြင်ခြင်းနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများ အတွက် သာမန် အသုံးစရိတ်မှ ငွေကျပ်သိန်း ၅၀ နှင့် ငွေလုံးငွေရင်း အသုံး စရိတ်မှ ငွေကျပ် ၁၅၃ သိန်း စုစုပေါင်းငွေကျပ် ၂၀၃ သိန်း အကုန် အကျခံ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။ **(၁၄၃)**

အများသုံးရေကန်များ ရေမပြတ်ရေးဆောင်ရွက်

ပေါင်းတည် ဧပြီ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အများသုံး ရေကန်အတွင်း အများပြည်သူ အသုံးပြုရန် ရေမပြတ်လပ်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်ကြိုင်နှင့် ဝန်ထမ်းများသည် ဧပြီ ၁ ရက်မှ ၁၂ ရက်အထိ ဝဲကြီးဆည်မှ ရေကို ရေဆိုင်ချောင်းတွင် ယာယီရေတား ပြုလုပ်ခြင်း၊ ရေခေါ်မြောင်း တူးခြင်း၊ ရေစုပ် တင်သွင်းယူခြင်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် အများပြည်သူများ ရေလုံလောက်စွာ သုံးစွဲနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **(၄၉၇)**

No. 8, No. 10. 12 (4 mm∅, 3.25 mm ∅, 2.5 mm ∅)
☎ E-mail Address: mfwmin @ myanmar.com.mm

MLA INTERNATIONAL
ENROLL NOW
Nursery
9:30 AM - 3:30 PM
(Monday - Friday)
Regular classes
Kg to Grade 7
8: 00 AM - 2:00 PM
(Monday - Friday)
WEEKEND (SAT/SUN)
9:00 AM - 12:00 PM
12:30 PM - 3:30 PM
No.64, Golden Valley Road, Bahan Township, Yangon, Myanmar.
Ph : 01 - 527006, 01- 705068

အမည်ပြောင်းခြင်း

ဦးထွန်းကြည်၏သမီး အလက(၈) မြောက်ဥက္ကလာ၊ အဌမတန်း(B)မှ မပြည့်ခိုင်ဖြိုးအား ယနေ့မှစ၍ မမြတ်သီတာအေးဟု ပြောင်းလဲခေါ်ပါရန်။
မမြတ်သီတာအေး။

Yan Aung
☎ 256790, 380291
242967

MYANMAR TONG TAH TRADE FAIR 2004

V5 PEPSODENT မှ အထူးအစီအစဉ်
V5 PEPSODENT
50ml

VERY CLEAN
WHITE
STRONG
GOOD
BEST OF THE BESTS
Ta-Fa Trading Co., Ltd.

SKY
May 24
May 22

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ကျိုက်ထိုမြို့ ဗိုလ်ချုပ်လမ်း အမှတ်(၂၁၁)နေ (ဦးရှောင်)–ဒေါ်မြမာ (ဆီစက်)တို့၏သား ကိုဝင်းလှိုင် (WIN EXPRESS) ၏ ညီ

မောင်မျိုးဇော် B.Sc (Physics)

နှင့်

မော်လမြိုင်မြို့ ရွှေတောင်ရပ်၊ အောက်လမ်းကြီး အမှတ်(၂၁၃)နေ (ဦးစံတုတ်–ဒေါ်ရွှေရှမ်)နှင့် ဦးအောင်လွင်–ဒေါ်ခင်မြင့် (မွှေကျင်)တို့၏ သမီး

မခါခါလွင် B.Sc(Hons;) M.Sc(Physics)

သရုပ်ပြ(ရူပဗေဒဌာန)

တပ်မတော်ဆေးတက္ကသိုလ်

တို့၏ ၁၆–၅–၂၀၀၄ ရက်နေ့တွင် Hotel Nikko Royal Lake Yangon၌ ကျင်းပပြုလုပ်သော မင်္ဂလာ ဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီကြသော မိတ်ဆွေအပေါင်းအသင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးဇော်–မခါခါလွင်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ [illegible]လမ်း အမှတ် (၇၆) နေ (ဦး[illegible]) + ဒေါ်ခင်[illegible] တို့၏သား

မောင်အောင်မိုးထိုက် နှင့်

[illegible]မြို့ [illegible]လမ်း အမှတ် [illegible]နေ ဦးအောင်[illegible] + ဒေါ်[illegible] တို့၏သမီး

မနီနီဝင်း B.A (Philosophy)

တို့သည် ၉–၅–၂၀၀၄ နေ့တွင် "Yuzana Garden Hotel" ၌ "မင်္ဂလာဧည့်ခံပွဲ" ပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်မိုးထိုက်+မနီနီဝင်း

☆ ပြည်ပုဂံနော်ရထာ [illegible] ပြည်လုံးညီညာ [illegible]

ဤကမ္ဘာမှာ ပြည့်မြန်မာ [illegible] (တော်ရှိ)

အိုဘယ့်အနော်ရထာ

တက္ကသိုလ်စိန်တင်

[illegible]

ဂုဏ်ထူးဆောင် '၁၉၂ ၃၃ လမ်း ဖုန်း–၂၀၂၃၃၃ ၂၈၃၁၈

GRACE TRAINING AND SERVICE CENTRE

[illegible]

လက်တွေ့ဦးစားပေး [illegible]

[illegible] PROFESSIONAL [illegible]

24.5.04 [illegible]

[illegible] ☎ 707956

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လေဆိပ်ရိပ်သာလမ်း၊ ခြံအမှတ်(၄)နေ ဒေါက်တာဦးမြင့်ဆွေ(မြို့နယ်ဆရာဝန်၊ ငြိမ်း)– ဒေါက်တာဒေါ်ခင်အေးမြင့်(MSF-Holland) တို့၏သားငယ်

မောင်ထင်အောင်လင်း(အောင်လေး)

2nd Year (Myanma)U.D.E

("အောင်"ဆေးနှင့်စာရေးကိရိယာဆိုင်)

နှင့်

ရန်ကုန်မြို့၊ အောက်မင်္ဂလာဒုံလမ်း၊ ခြံအမှတ် (၇၇၄/က)နေ ဦးသိန်းလွင်(စာရင်းစစ်မှူး၊ ငြိမ်း) စာရင်းစစ်(ပထမပုဂ္ဂလိကဘဏ်)–(ဒေါ်တင်လှိုင်)တို့၏သမီးငယ်

မနီနီလွင်(နီနီ)

B.Sc(Bio Technology)

တို့၏ ၁၆–၅–၂၀၀၄နေ့ လေဆိပ်အိုအေစစ် မင်္ဂလာခန်းမတွင် ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ လေဆိပ်အိုအေစစ်မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ထင်အောင်လင်း–မနီနီလွင်။

ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်ကုန်လှောင်ရုံတွင် ထုခွဲအဆင့်ရောက် DAWNနို့ဆီနှင့် မုန့်ပုံးများကို မျက်မြင်အနေအထားအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **ချိပ်ပိတ်တင်ဒါနောက်ဆုံး တင်သွင်းရမည့်နေ့ရက်/အချိန်** – ၂၀–၅–၂၀၀၄ နံနက်၁၀း၀၀နာရီ

(ခ) **ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေ့ရက်** – ၂၀–၅–၂၀၀၄

(ဂ) **ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်အချိန်** – ၁၂း၀၀နာရီ

(ဃ) **ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေရာ** – အကောက်ခွန်ဦးစီးဌာန ကုန်လှောင်ရုံ၊ ဝါးတန်းလမ်း ရန်ကုန်မြို့။

၂။ တင်ဒါစည်းကမ်း၊ တင်ဒါအဆိုပြုလွှာနှင့်ပစ္စည်းစာရင်းတစ်စုံလျှင် ၅၀၀ိ/– နှုန်းဖြင့် ၁၉–၅–၂၀၀၄နေ့ နောက်ဆုံးထား၍ အကောက်ခွန်ကုန်လှောင်ရုံ၊ လှည်းတန်းလမ်း၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူရမည်ဖြစ်ပါသည်။

၃။ အခြားအချက်အလက်များနှင့်လေလံပစ္စည်းများကို မျက်မြင်ကြည့်ရှုနိုင်ရန် အကောက်ခွန်ကုန်လှောင်ရုံသို့ လူကိုယ်တိုင်မေးမြန်းစုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး

လေလံတင်ရောင်းချရေးအဖွဲ့။

မင်္ဂလာဆုမွန်လွှာ

ချစ်ဇနီး၊ ချစ်မိခင် **ဒေါ်မြင့်မြင့်သွင်**၏ ၁၇–၅–၂၀၀၄တွင် ကျရောက်သည့် (၄၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ခင်ပွန်း၊ ချစ်သားများနှင့်အတူ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လက်တွဲ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–။

ချစ်ခင်ပွန်း – ဦးမင်းဟန်
(MD.မင်းဟန်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

ချစ်သားများ– မောင်ကျော်စွာ[1st Year (Eng:),DSM]
မောင်ထွန်းစ[IX]
မောင်ဟန်ဇော်ညိမ်း[VII A ၊ အလက(၈)၊ မြောက်ဥက္ကလာ]

[illegible]
[illegible]
Lap Top [illegible]
ဖုန်း – [illegible]

ဆင်တူယိုးမှားအတုအပအထူးသတိပြုရန်

APPLE INTERNATIONAL CO.,LTD.၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

apple ကုန်အမှတ်တံဆိပ်ဖြင့် GINSENG ခေါင်းလိမ်းဆီကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် (၄/၇၅၇)ဖြင့် တရားဝင်မှတ်ပုံတင်ခဲ့ပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ဖြန့်ချိရောင်းချခဲ့ပြီးဖြစ်ပါသည်။ APPLE INTERNATIONAL CO.,LTD. မှ ထုတ်လုပ်သော ပစ္စည်းအစစ်အမှန်ဖြစ်ကြောင်း သိရှိစေရန်အတွက် မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်သော အလှကုန်ပစ္စည်းတိုင်းတွင်ကပ်နှိပ်ရန် 'ပန်းသီးပုံ'ရောင်ပြန်စတစ်ကာကို မှတ်ပုံတင်အမှတ်(၄/၇၅၅)ဖြင့် မှတ်ပုံတင်ခဲ့ပြီး လိုအပ်သလို ကပ်နှိပ်၍ဖြန့်ချိခဲ့ပါသည်။

ယခုအခါ အဆိုပါ ***apple*** GINSENG ခေါင်းလိမ်းဆီကို ပုံစံ၊ အရောင်အဆင်းတူ ဆင်တူယိုးမှား တုပ၍ ထုတ်လုပ်ရောင်းချနေကြောင်း ကြားသိရပါသည်။ သို့ဖြစ်ပါ၍ ဝယ်ယူသုံးစွဲသူများနှင့် အရောင်းကိုယ်စားလှယ်များအား အထူးသတိပေးလိုသည်မှာ ***apple*** GINSENG ပစ္စည်းအစစ်အမှန်တွင်–

၁။ အပြင်ဘူးခွံအဖွင့်အပိတ်ထိပ်တို့တွင် 'ပန်းသီးပုံ' ကပ်ခွာပါရှိခြင်း

၂။ အတွင်းဘူးပေါ်တွင် 'ပန်းသီးပုံ' ရောင်ပြန်စတစ်ကာပါရှိမှသာ

အစစ်အမှန်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။ ဆင်တူယိုးမှားတုပ၍ ထုတ်လုပ်သူများကိုလည်း ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

APPLE INTERNATIONAL CO.,LTD. မှထုတ်လုပ်သော အလှကုန်ပစ္စည်းများကို ဝယ်ယူအားပေးသုံးစွဲ သူများအား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် မိမိ၏တန်ဖိုးရှိသောငွေဖြင့် ဆင်တူယိုးမှားပစ္စည်းများကို မဝယ်မိစေရန် အထူးသတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်မြင့်မြင့်အေး B.A(Law)LL.B

တရားရုံးချုပ်ရှေ့နေ(၂၄၅၈)

အမှတ်(၄၀၆)၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၂)ရက်

(၂၀၀၄ခုနှစ် မေလ ၁၅ရက်)

၁။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၄ခုနှစ်၊ ဇွန်လ (၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဖိတ်ကြားလျက်ရှိပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုပါမည်။

(က) နိုင်ငံခြားမှ ရတနာကုန်သည်များနှင့်တွေ့ဆုံပြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းနိုင်ရန်။

(ခ) နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာဈေးကွက် အခြေအနေများလေ့လာနိုင်ရန်။

(ဂ) ပြည်ပမှရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်။

(ဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့် ရောင်းချရန် လိုင်စင်ရယူထားသည့် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ခုနှစ်၊ မေလ(၂၅)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာ ဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

(၁/၂၀၀၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ပဋနဂိုရ်ရှိအသုံးမလိုတော့သည့် တာယာအဟောင်း (၇၁၀)လုံးနှင့်ဘတ္တရီအဟောင်းမျိုးစုံ(၁၁၅)လုံးတို့အား မျက်မြင်အခြေအနေ အတိုင်း ရောင်းချမည်ဖြစ်သဖြင့် ချိပ်ပိတ်တင်ဒါများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံများရောင်းချမည့်–**

(က)**နေ့ရက်နှင့်အချိန်**– (၁၇–၅–၂၀၀၄)(ရုံးချိန်အတွင်း)

(ခ)**နေရာ** – (၁)စီမံရေးဌာန၊ အမှတ်၇(က)၊သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(၂)ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ပဋနဂိုရ်

(ဂ)**တင်ဒါတစ်စောင်နှုန်း** – ကျပ် ၃၀၀၀ိ/–

(ဃ)**တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** – (၂၆–၅–၂၀၀၄)ရက်နေ့နှင့် ညနေ(၁၄း၀၀)နာရီ

(င)**တင်ဒါပေးသွင်းမည့်တည်နေရာ** – (၁)စီမံရေးဌာန၊ အမှတ်(၇)က သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(၂)ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ပဋနဂိုရ်

၃။ တင်ဒါပေးသွင်းသူသည် တင်ဒါဆွဲယူခွင့် စပေါ်ငွေကျပ်တစ်သိန်း(၁၀၀၀၀၀)ကိုငွေသားဖြင့် ရုံးချုပ်ဘဏ္ဍာရေးဌာနတွင်လည်းကောင်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ပဋနဂိုရ်တွင်လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါက ပစ္စည်းများကို နှစ်ပတ်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

စီမံရေးဌာန

၇(က)သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်မြို့။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊

ဖုန်း–၂၄၅၆၄၅။

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ခြံအမှတ် E-7/Bနေ ဦးဝင်းအောင်ကျော် (ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန) (လမ်းတံတား)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ–ဒေါ်ဒေစီလင်း (Chairman) LS Group Co.,Ltd. တို့၏သားကြီး

မောင်သူရအောင်ကျော် B.Sc (Zoology)

Managing Director (ST & B Co.,Ltd) (KAT Co.,Ltd) (Lin & Sons Co.,Ltd) (Six Golden Doves Co.,Ltd.)

နှင့်

မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်၊ တိုက်အမှတ်(၂၀၀)နှင့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ တိုက်အမှတ်–၄၀၁/၄၁၁ (C-5) နေ ဦးအောင်သိန်း–ဒေါ်ခင်ဝင်းမြင့် (မြို့နယ်သမဝါယမဦးစီးမှူး၊ ငြိမ်း) (နီလာဆန်ပွဲရုံ) တို့၏တစ်ဦးတည်းသောသမီး

ဒေါက်တာခင်နီလာအောင် M.B.,B.S (YGN)

တို့၏ ၅–၅–၂၀၀၄ရက်တွင် ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားသူကြီးချုပ် ဦးအောင်တိုးအားလည်းကောင်း၊ ၁၆–၅–၂၀၀၄နေ့ နံနက်ပိုင်း Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်စန်းနွယ်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ဒုတိယမြို့တော်ဝန်နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မြရတနာမိုး၊ မင်္ဂလာတေးဂီတဖြင့် ညည့်ခံဖျော်ဖြေပေးသော Iron Crossတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြပေးသော မမေသဥ္ဇာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်စွပ်ဇန်းကိုင်ဆောင် ပေးသော မခိုင်သဇင်ဖြိုးနှင့် မလွဲ့ရည်မွန်၊ မိတ်ကပ်ဆံပင် အောင်အောင်၊ ပန်းအလှပြင် မလေးရှားသန်းမြင့်၊ လက်ဝတ်ရတနာဆင်မြန်းပေးသော စိန်ရတနာ (ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံပီတာ၊ ဗီဒီယိုမောင်မောင်ညွှပ်နှင့်အဖွဲ့အားလည်းကောင်း၊ ၁၆–၅–၂၀၀၄နေ့ည Traders Hotel၌ ကျင်းပပြုလုပ်သော ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်   မောင်သူရအောင်ကျော်–မခင်နီလာအောင်။

ဝန်ထမ်းအလိုရှိသည်

(၁) Assistant Manager ကျား/မ (၂ ဦး)

(၂) Sales Promoter မ (၁၀ ဦး)

(၃) ယာဉ်မောင်း ကျား(၃ ဦး)

ဆက်သွယ်ရမည့် လိပ်စာ

(18.5.2004 မှ 31.5.2004) (1:00 pm မှ 4:00 pm)

FAME Hepa-B®

MT&K Tourism Co.,Ltd

MCC အင်တာနက်နှင့် အီးမေးလ်အခြေခံသင်တန်း

Khin Myo Chit

Her Infinite Variety

and Other Stories

KMD Multimedia Creation Course

International Studies Centre

Duration: (36) Hours

Video Camera ... File ... Computer ... Editing ...

Sound File ...

Image File ...

... Multimedia Project ... Presentation ... VCD ...

18 May, 2004 (5:00 - 7:00) Mon to Fri

24 May, 2004 (11:00- 1:00)Mon to Fri

KMD International Studies Centre

No. 550- 552, Merchant Road, Kyauktada Tsp., Yangon.

Tel: 01- 249155/ 381035/ 381776 Email: info@kmd.com.mm

NPE

NPE

အမည်ပြောင်းခြင်း

သာကေတမြို့နယ်၊ အမှတ်(၁)၊ အခြေခံပညာအလယ်တန်းကျောင်း VI Sမှ ဦးမြင့်ဌေး၏သမီးဖြစ်သူ မခိုင်ဝင့်ဝါအား မချောသရဖီခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမြန်ဝယ်လိုပါသည်

350-500 KVA မီးစက်အသစ် (သို့မဟုတ်) Good Second Hand (Silent Type)။

ဆက်သွယ်ရန်–

ရုံးချိန်အတွင်း–၂၂၃၅၉၃၊ ၂၂၃၅၉၂

ရုံးချိန်ပြင်ပ–၀၉–၈၀–၃၃၃၉၀၊

၀၉–၉၉–၂၅၈၂၃

၀၉–၅၀–၁၇၉၅၈/၀၉–၅၀၀–၂၂၆၃။

Honey Moon

ကုမ္ပဏီ၊ စက်ရုံသုံးရန် လချုပ် Dyna, Pick-up Sloon မျိုးစုံ ငှားရန်ရှိသည်။

ဖုန်း–၂၄၀၈၃၂၊ ၂၈၇၁၂၉၊ ၀၉၅၀၁၈၈၆၇။

(၃)လပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး ဦးသောင်းထိုက်(ခ) ဦးကျော်ဟိုး ကွယ်လွန်ခဲ့သည်မှာ (၃)လပြည့်သော် လည်း တစ်နေ့မှ မေ့မရပါ။ နေ့စဉ်ပြုသမျှ ကုသိုလ်၊ ကောင်းမှုကို မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိ၍ သာဓုခေါ်နိုင်ပါစေ။

ဇနီး–ဒေါ်တင်ရီ။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုစဥပဒေအမိန့် ၅ နည်းဥပဒေ ၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၁၂

ဦးအေး(၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်တင်တင်အေး) အခန်းအမှတ်(၁) (မြေညီထပ်ဝဲဘက်) အမှတ်-၂၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ **နှင့်** ရန်ကုန်မြို့။

၁။ ဒေါ်မေမေတင်
၂။ ဦးခင်မောင်ထွန်း
၃။ ဒေါ်ခင်မေ
၄။ ဒေါက်တာဝေမာအောင်
၅။ ဒေါ်ရူပါခင်
၆။ ဒေါ်သိန်းရွှေ
၇။ ဒေါ်ဥမ္မာအောင်

(တရားလို) **(တရားပြိုင်များ)**

(၁) တရားပြိုင် ဒေါ်မေမေတင်တိုက်-၂၁၊ အခန်း(၂၀၅)၊အေးရိပ်မွန်ရိပ်သာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ (၃)တရားပြိုင်ဒေါ်ခင်မေ အမှတ်(၉၇၂)၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ (၄) တရားပြိုင် ဒေါက်တာဝေမာအောင် (အမှတ်-၉၇၂)၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ (၅)တရားပြိုင် ဒေါ်ရူပါခင်(အမှတ်-၂၃၊ ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့ပေါ်တရားလိုက "သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂အရ တရားဝင်အိမ်ငှားအဖြစ်ငှားရမ်းထားသောအခန်းအား လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊၂၀၀၄ခုနှစ်၊ မေလ(၂၄)ရက် (၁၃၆၆-ခုနှစ်၊ နယုန်လဆန်း(၆)ရက်နေ့) မွန်းမတည့်မီ နံနက်(၉း၃၀)နာရီအချိန်တွင် အထက်အမည်ရေးသား ပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင်သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ရမည်။

၂၀၀၄ခုနှစ်၊ မေလ(၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ် ပေးလိုက်သည်။

(မျိုးညွန့်)
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး

AIDS ရောဂါပညာပေးနှိုးဆော်ချက်

AIDS ရောဂါကူးစက်စေသောနည်းလမ်းများ

- AIDS ရောဂါသည် HIV ဗိုင်းရပ်(စ်)ပိုး ကူးစက်မှုကြောင့် ဖြစ်သည်။
- AIDS ရောဂါကူးစက်စေသော နည်းလမ်းများမှာ
  * ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း
  * မသန့်ရှင်းသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်များကို မျှဝေသုံးစွဲခြင်း
  * HIV ပိုးပါသောသွေးနှင့် သွေးပစ္စည်းများကို သွင်းမိခြင်း
  * ရောဂါပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်းတို့ ဖြစ်ပါသည်။
- HIV ပိုးရှိနေသူကို အပြင်ပန်းအမြင်ဖြင့် မသိနိုင်သောကြောင့် ရောဂါကူးစက်မှုမခံရအောင် အစဉ်အမြဲသတိရှိပါ။

AIDS ရောဂါ မကူးစက်နိုင်သောနည်းလမ်းများ

AIDS ရောဂါမကူးစက်နိုင်သော နည်းလမ်းများမှာ

- ချောင်းဆိုးနှာချေခြင်း
- သာမန်ထိတွေ့မှုများဖြစ်သော လက်ဆွဲနှုတ်ဆက်ခြင်း၊ ဖက်ခြင်း၊အရေပြားချင်း ထိတွေ့ခြင်း
- ပန်းကန်၊ ခွက်၊ ဇွန်း၊ တယ်လီဖုန်း၊ အိမ်သာ၊ တံခါးလက်ကိုင်၊ထိုင်ခုံတို့ကိုအတူသုံးစွဲခြင်းတို့ကြောင့် မကူးစက်နိုင်ပါ။

AIDS ရောဂါသည် တစ်ဦးမှတစ်ဦးသို့ သာမန်အားဖြင့် လွယ်ကူစွာ မကူးစက်နိုင်သဖြင့် AIDS ဝေဒနာရှင်များကို ပစ်ပယ်ခွဲခြားခြင်းမပြုဘဲ ကြင်နာစွာ ပြုစုစောင့်ရှောက်ပါ။

AIDS ရောဂါကာကွယ်ရန်နည်းလမ်းများ

- AIDS ရောဂါကို ကာကွယ်ရန်ဆေးနှင့် ပျောက်ကင်းအောင် ကုသရန်ဆေး မပေါ်သေးပါ။ ထို့ကြောင့် မိမိတို့၏ အပြုအမူကို ဆင်ခြင်ခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်း ဖြစ်သည်။

AIDS ရောဂါ မကူးစက်စေရန်အတွက်

- လိင်အပျော်အပါး လိုက်စားခြင်းကို ရှောင်ကြဉ်ပါ။ မရှောင်နိုင်ပါက အကာအကွယ်ကွန်ဒုံးကို စနစ်တကျ အသုံးပြုပါ။
- အိမ်ထောင်ရှိသူများတစ်လင်တစ်မယားစနစ်ကျင့်သုံးပြီး မိမိအိမ်ထောင်ဖက် အချင်းချင်း အပြန်အလှန်သစ္စာရှိပါ။
- မူးယစ်ဆေးဝါးကို လုံးဝမသုံးစွဲပါနှင့်။
- ဆေးထိုးရန်လိုအပ်ပါက တစ်ခါသုံးဆေးထိုးအပ်ကိုသာ အသုံးပြုပါ။

AIDS ရောဂါကြုံတွေ့သူများအား ပြုစုစောင့်ရှောက်ရေး

- HIVပိုးကူးစက်ခံရသူများသည် အကျင့်စာရိတ္တပျက်ယွင်းသူများ မဟုတ်သောကြောင့် ဝေဒနာရှင်များအား နှိမ့်ချဆက်ဆံခြင်းမပြုလုပ်ဘဲ နှစ်သိမ့်ကူညီအားပေးပါ။
- AIDS ရောဂါကြုံတွေ့သူများကို ကြည်ဖြူစွာနာလက်တွဲကူမှသာ ဝေဒနာရှင်များ၏ သက်တမ်းပိုမိုကြာရှည်ပြီး သူတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းများကို အသုံးချနိုင်ကာ လူ့လောကအား အကျိုးပြုရင်းအဓိပ္ပာယ်ရှိရှိ နေထိုင်သွားနိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်ညွန့်

အသက်(၈၃)နှစ်

(ပဲခူး)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ ခြံအမှတ်(၃၃)နေ ဖေယျကျော်ထင်ဦးမျိုးမြင့် (အငြိမ်းစား၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီး)၏ ဇနီးဒေါ်တင်တင်ညွန့်သည် ၁၄-၅-၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ ကျေးဇူးရှင်ကြီးတစ်ဦး အဖြစ် ဝမ်းနည်းနှမြောတသမိပါကြောင်း။

မမသန်းနု(ဒေါ်အမာ) မိသားစု၊ ပဲခူး။

အမည်ပြောင်းခြင်း

အဖ-ဒုအရာခံဗိုလ် ဦးရွှေစိုး၏သား အထက၊ ရဲမွန်တပ်မြို့၊ ဒုသမတန်းမှ မောင်အေပြီစိုးအား ယနေ့မှစ၍ မောင်စိုးမြတ်မင်းဟု ပြောင်းလဲခေါ်ပါရန်။**မောင်စိုးမြတ်မင်း။**

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်သန်းသန်းလွင်

အသက်(၅၃)နှစ်

B.Com(AA)

M.P.P.E (ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၄၆) လမ်း၊အမှတ်(၅)နေ(ဦးမောင်မောင်တင်)-ဒေါ်ကျင်ယုံတို့၏ သမီးလတ်၊ ဒေးဒရဲမြို့နေ (ဦးမောင်စိန်-ဒေါ်အုန်းကြိုင်)တို့၏ သမီးချွေးမ၊ ဒေးဒရဲမြို့နယ်အသင်း အလုပ်အမှုဆောင် ဦးမိုးခက်၏ ဇနီး ဒေါ်သန်းသန်းလွင်သည် ၁၆-၅-၂၀၀၄ ရက်တွင်ကွယ်လွန်ပါ၍ ၁၈-၅-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဦးခင်မောင်ရွှေ

အသက်(၆၀)

(LL.B)

(MEIS အငြိမ်းစား)

သုဝဏ္ဏ

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ တိုက်(၉၄/၃)၊ မီးဒုံးလမ်းသွယ်(၅)နေ (ဦးထွန်းဝင်း-ဒေါ်အုံးစိန်)တို့၏ သား၊ ဦးထွန်းရွှေ (ပိုးမွှားအရာရှိ၊ငြိမ်း၊ ကျန်းမာရေးဦးစီး) - ဒေါ်နုနုခင်တို့၏ မောင်၊ ဒေါ်သီတာထွန်း(ဆေးလုပ်မှု/ စံပြဆေးရုံ)၊ ဦးဇော်ထွန်းထွန်း(Zplus)-ဒေါ်နီနီလွင်(အထက၊ သုဝဏ္ဏ)၊ ဦးဘိုဘိုဝင်း၊ ဦးလေးမြင့်အောင်(Aung Construction)-ဒေါ်ဥမ္မာခင်၊ (ဦးမင်းမင်းထွန်း)၊ မခင်သူဇာထွန်း(Sin Yangon) တို့၏ ဦးလေး၊ မဝင်နီထွန်း၊ မောင်လွင်ထွန်း၊ မောင်ဖွဲ့ခန့်အောင်တို့၏ အဘိုး သည် ၁၅-၅-၂၀၀၄(စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းလွင်(၅၃)နှစ်

B.Com(AA)

M.P.P.E (ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၄၆) လမ်း၊အမှတ်(၅)နေ(ဦးမောင်မောင်တင်)-ဒေါ်ကျင်ယုံတို့၏သမီးလတ်၊ ဒေးဒရဲမြို့နေ (ဦးမောင်စိန်-ဒေါ်အုန်းကြိုင်)တို့၏ သမီးချွေးမ၊ ဦးမိုးခက်၏ဇနီး၊ ဒေါ်အေးအေးတင် (ထ-၄၊ ဗိုလ်တထောင်)၏ ညီမ၊ ဦးမြင့်ထူး-ဒေါ်သိန်းသိန်းမြင့်၏ အစ်မ၊ ကိုဝင်းထွဋ်-မစိမ့်စိမ့်စိုး(Trans Express Service)၊ မမြတ်ရည်မွန်(1st yr.B.Tech၊IT)၊ မောင်မြတ်မိုး(X၊ထ-၆၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသော မိခင်၊ မစိမ့်ဝတီထွဋ်၏အဘွားသည် ၁၆-၅-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်ပါ၍ ၁၈-၅-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ

မစိုးစိုးမာ

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်၃/၅ ထီးတန်းလမ်းနေ (ဦးဟုတ်ရှောင်)-ဒေါ်တင်မြင့်တို့၏ သမီးထွေး၊ ဦးထွန်းကြည်-ဒေါ်ပဲ(သာမည သစ်သီးပွဲရုံ၊ သီရိမင်္ဂလာဈေး) (ဦးမောင်မောင်အေး)-ဒေါ်လှလှဝင်း၊ ဦးဘိုလေး-ဒေါ်ညွန့်ညွန့်(သိမ်ကြီးဈေး Dရုံ)၊ ဦးမောင်မောင်စိုး-ဒေါ်ကျင်စန်း၊ ဦးဇော်ဝင်း-ဒေါ်ခင်စန်းအေး၊ ဦးမောင်မောင်အေး-ဒေါ်ခင်အေးဝင်း၊ ဦးကျင်စွ်-ဒေါ်ခင်ခင်ဦး၊ ဦးအောင်လှိုင်ထွန်း-ဒေါ်ချိုချိုမာတို့၏ ချစ်လှစွာသော ညီမငယ် မစိုးစိုးမာသည်၁၆-၅-၂၀၀၄(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၅-၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဉာဏ်ထွန်း(ခ) အာဒီနိုင်နား

အသက်(၃၆)နှစ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စားပွဲတင်တင်းနစ်လက်ရွေးစင်ဟောင်း ကညန (အငြိမ်းစား)

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊အမှတ်(၇၈)နေ ဦးဆာမိ-ဒေါ်ဂျာနကီးတို့၏သားကိုဉာဏ်ထွန်း(ခ) အာဒီနိုင်နားသည် ၁၆-၅-၂၀၀၄ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နော်ဘာသာ

(GS/SGS-ငြိမ်း)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ်(၁၅)နေ ဦးဖိုးကျော်-ဒေါ်နှင်းပွင့်တို့၏သမီး၊ ဦးမောင်မောင်ကြီး(B.A., R.A)၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းအောင်ကျော်-ဒေါ်နှင်းယဉ်ယဉ်၊ ဦးဆန်းမောင်၊ ဦးစံသူ(ဟန်စိန်သန့်-ကုမ္ပဏီ)-ဒေါ်မိုးမိုးခိုင်၊ ဦးအောင်သူ-ဒေါ်အေးအေးမာတို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ ဘွားဘွားကြီးသည် ၁၆-၅-၂၀၀၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၈-၅-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန်အနီး သာသနာနယ် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြမြ

အသက်(၇၀)

(ဇီးကုန်း)

ဇီးကုန်းမြို့၊ (ဓာတ်မီးစက်ဦးကျော်ဇံ-ဒေါ်ရီ)တို့၏ သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၈၅)၊ ပိတောက်လမ်း၊ သန်လျင်တံတားအိမ်ရာစီမံကိန်းဝင်းနေ (ဦးကြည်မြင့်၊ E.P.C)၏ ဇနီး၊ ဦးမောင်မောင်သန်း-(ဒေါ်သန်းသန်းဝင်း)၊ ဦးဇော်သန်း(မြောက်ပိုင်းခရိုင်မှူး၊ အင်ဂျင်နီယာဌာန၊ လမ်း/တံတား၊ ရန်ကုန်မြို့တော်စည်ပင်)၊ ဒေါက်တာဦးဝင်းမြင့်-ဒေါ်သဇင်သန်း၊ (ဦးလှိုင်သန်း)-ဒေါ်လှလှတို့၏ မွေးသမိခင်၊ ပွင့်ပပသန်း(Forever Group)၊ မေသဇင်မြင့်၊ အောင်ပြည့်ဦး၊ ထွန်းဝင်းမြင့်၊ နှင်းနှင်းဦး၊ ရှင်းရှင်းဦးတို့၏ အဘွားသည် ၁၄-၅-၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၅-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှရီ(၆၈)နှစ်

(ချစ်စရာဟိုတယ်)

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၆၄)နေ ဦးလုံးတင်၏ ဇနီး၊ ဦးခင်မောင်လွင်-ဒေါ်သွယ်သွယ်၊ ကိုမောင်မောင်လွင်-မတင်စန်း၊ ကိုမျိုးနိုင် - မအေးအေးလွင်၊ ဒေါက်တာခင်အေးလွင်၊ ကိုညီညီလွင်-မမွှေးမွှေး၊ မချိုချိုလွင်၊ ကိုကျော်ဆန်းလွင်-မဥမ္မာဝင်း၊ ကိုထွန်းထွန်းလွင်တို့၏ မွေးသမိခင်၊ မြေး ခြောက်ယောက်တို့၏အဘွား ဒေါ်လှရီသည် သဃ်ၤန်းကျွန်း နေအိမ်၌ ၁၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၅-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တကက စရ-မျိုးညွန့်

(LL.B)

အသက်(၅၆)နှစ်

ရေနံချောင်းမြို့နေ (ဦးသာအေး-ဒေါ်ငွေရီ)တို့၏ သား၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးအုံးမောင်)-ဒေါ်ပွားတို့၏ သားသမက်၊ ရေနံချောင်းမြို့နေ ဦးညိုမောင်-ဒေါ်သန်းအေးတို့၏ မောင်၊ ကိုမျိုးသွင်ဦး၏ ဦးလေး၊ မြဝတီရိပ်သာ၊ တိုက်(၂၇)၊ အခန်း(၂)နေ ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ မစန္ဒာဦး၊ မောင်ကျော်ကျော်ငြိမ်း၊ မပြည့်ဖြိုးဟန်၊ မောင်ဝင်းချမ်းငြိမ်းတို့၏ ချစ်လှစွာသောဖခင်သည် ၁၄-၅-၂၀၀၄ရက်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၅-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံကြီး အအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကုသလ

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ တောကျောင်းတိုက်နှင့် စိန္တာ၁မုနိဘုရားကြီးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက၊ တောကျောင်းပဝါရဏာဂိုဏ်းကြီးတို့၏ ဂဏာဓိပတိ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ ဝိနယဂရုက သံသာရဘီရုက ပရိယတ္တိဆေက ဂဏဝိရောစနကမ္မဋ္ဌာနာစရိယ နယ်လှည့် သာသနာပြု ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း၅ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ်၊ နယုန်လဆန်း ၁ရက် ၁၉-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် စိန္တာ၁မုနိဘုရားကြီးကျောင်းတိုက်တွင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီနှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ
တောကျောင်းတိုက်နှင့်
စိန္တာ၁မုနိဘုရားကြီးကျောင်းတိုက်။

သခင်မဒေါ်လှလှ

အသက်(၈၀)

(ရေနံချောင်း)

ရေနံချောင်းမြို့နေ (သခင်ဘစိန်-ဒေါ်ခင်ညွန့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ခြံအမှတ်(၅-ဒီ)နေ [ဒုတိယဗိုလ်မှူးကြီး အောင်ဖေ(မော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)]၏ ဇနီး၊ ဒေါက်တာစိုးအောင်-ဒေါ်ချိုချိုတို့၏ မိခင်၊ မောင်မျိုးသီဟနိုင်၊ မောင်ဖြိုးသီဟတို့၏ ဘွားဘွားကြီးသည် ၁၅-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်လှဝင်း(ခ)ဒေါ်မြင့်မြင့်

အသက်(၈၉)နှစ်

(တာမွေ)

ရန်ကုန်မြို့၊ အမှတ်(၄၄) (၄လွှာ)-၁၅၇လမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးစောလှိုင်-ဒေါ်ထားခင်)တို့၏သမီး၊(ဦးတင့်-ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ (ဦးအောင်သိန်း)၏ ဇနီး၊ (ဒေါ်လှမင်း)၊ ဦးဖေသက်၊ (ဦးစိန်ဝင်း)တို့၏ အစ်မ၊ ဦးခင်မောင်မြင့်-ဒေါ်ရီရီချို၊ ဦးစိုးဝင်း-ဒေါ်လှလှချို၊ ဦးတင်ဌေး-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်မာမာဝင်း၊ ဦးအောင်ကျော်ဇင်-ဒေါ်သန်းသန်းဝင်းတို့၏ မွေးသမိခင်၊ မြေး ၁၈ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၆-၅-၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကွယ်လွန်ပါ၍ ၁၈-၅-၂၀၀၄ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင် (၇၇)နှစ်

အဖျောက်မြို့နေ(ဦးမောင်ချမ်း-ဒေါ်အေးလှ)တို့၏သား၊ (ဦးထွန်းဖေ-ဒေါ်လုံ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၆/ခ)၊ ရွှေယင်းမာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်လှ၏ ခင်ပွန်း၊ ဦးမောင်မောင်သန်း-ဒေါ်သိန်းသိန်းဝင်းတို့၏ အစ်ကို၊ ဒေါ်မြမြ(ခ)ဒေါ်အေးအေးခိုင်-ဦးချိုဝင်း၊ (ကိုမောင်မောင်လှ)၊ ဦးသိန်းဇော်-ဒေါ်ဥမ္မာရွှေ၊ ဦးလှဘော်-Akamatsu Michiko San တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ တူနှစ်ယောက်တို့၏ဘကြီး ဦးမောင်မောင်သည် ၁၅-၅-၂၀၀၄(စနေနေ့) ည ၁၁း၂၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ချစ်စော (၇၇)နှစ်

(မြောင်းမြ)

(ဦးချိန်ဟုန်-ဒေါ်အေးကြူ)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၃၈)၊ ၁၆လမ်းနေ [ဦးခွေး(ခ)ပေါဘွန်ခွေး] ၏ ဇနီး၊ ဦးငွေအောင်-(ဒေါ်ရီရီလှ)၊ ဦးထွန်းမောင်-ဒေါ်မြကြည်တို့၏ မိခင်၊ မသီတာငွေ၊ မနီလာငွေ၊ မောင်သိန်းထူးအောင်-မစန္ဒာငွေ၊ မောင်ထွန်းထွန်းလေး၊ မောင်ဝေလင်းထွန်း၊ မယဉ်ယဉ်ထွန်း၊မောင်အောင်ကိုလတ်၊ Franky-မဥမ္မာငွေတို့၏ အဘွားသည် ၁၆-၅-၂၀၀၄(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈-၅-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာကြီး

ဦးရွှေမျိုး

B.A,B.L,D.M.A, B.C.S,

အသက်(၈၀)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

တရားရုံးချုပ်

(နတ်တလင်း)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်းနှင့် (၃၈)လမ်းထောင့်၊ တိုက်(၁၀၄-၁၁၂)၊ အခန်း(၁၆)၊ ပထမထပ်နေ (ဦးဘိုးမောင်-ဒေါ်မြသစ်)တို့၏ သား၊ (ဦးကျော်ခင်-ဒေါ်ပု)၊ (ဦးစိန်အေး)-ဒေါ်သန်းရှင်၊ ဦးစိန်ချော(တိုင်းမင်းကြီး၊ ငြိမ်း)-(ဒေါ်မြနွဲ့)၊ (ဦးမောင်တင်-ဒေါ်ပု)၊ (ဒေါ်လေး)၊ (ဒေါ်အေး-ဦးအောင်သင်)၊ ဦးမောင်ဆင်-ဒေါ်ခင်ရွှေ၊ (ဦးထွေးရင်-ဒေါ်တင်တင်ကြည်)တို့၏ အစ်ကို/ညီ/မောင်၊ ဒေါ်တင်လှိုင်(ခ) ဒေါ်နီ၊ ဦးငွေအောင်(တရားရုံးချုပ်)-ဒေါ်ခင်မာဝင်း(အထက၊နတ်တလင်း)တို့၏ ဖခင်၊ မဆုဆုစံ၏ အဘိုးသည် ၁၃-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း

Pi Cia Cuai

အသက်(၇၂)နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နေ (Pu Tawk Lio-Pi Za Kip Cuai)တို့၏ သမီးလတ်၊(Pu Ral Sai Lo)၏ ဇနီး၊(Pu Khaw Nei Sum- Pi Thla Hngle) တို့၏ ညီမ၊ Pi Ngun Men Tialတို့၏ အစ်မ၊ (Capt. Biak Hlei Thang)-Daw Tuan Nei Thluai၊ Daw Biak Nei Man-U Cia Hmung၊ Daw Hrin Nei Thiam(လက်ထောက်ညွှန်မှူး၊ မိုး/ ဇလ၊ ရန်ကုန်)၊ U Van Lal Sak-Daw Fung Tlem၊ Tha Nei Sum၊ Daw Tha Men Thluai-Dr.Pum Sian Mung၊ U Van Tuah Piang-Isareli Daw Sui Nawn Par - ဦးကောင်းစိန်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး၂၀ယောက်တို့၏ အဘွားသည် ၁၆-၅-၂၀၀၄ရက် နံနက် ၁၁း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ချင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော် (၁၂၅၊ ဗားကရာလမ်း၊ စမ်းချောင်း)၌ဝတ်ပြု ဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး၂၉၂၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၂၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၆၅၇၂၊ ပုံနှိပ် ၂၉၂၈၃၀။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး မွမ်းမံပြင်ဆင်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ၊ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကအကျော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရအား ပူဇော်ကန်တော့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ရွာရန်ရာနှုန်း(၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးအဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိ နိုင်ငံတကာအဆင့်မီ အဆောက်အအုံများ အကွက်ချဖြန့်ကြက်တည်ဆောက်ရန် အရေးကြီး စံချိန်စံညွှန်းအရည်အသွေးများပြည့်စုံသည့်အထပ်မြင့်အဆောက်အအုံများပေါ်ထွန်းလာရေးကြိုးပမ်း

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဗိသုကာများအသင်းက ကြီးမှူးကျင်းပသည့် အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ (Seminar On Tall Buildings; A Challange for Myanmar Architects and Engineers) **ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ** (Myanmar ICT Park) **၌ ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ၊ အထပ်မြင့် အဆောက်အအုံလုပ်ငန်းများနှင့် ပတ်သက်သည့် ဌာနများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိသုကာများအသင်းမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဗိသုကာပညာရှင်များ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံဝင်းအတွင်း၌ တည်ဆောက်မည့် Cyber Tower **အထပ်မြင့် အဆောက်အအုံပုံစံငယ်၊ အထပ်မြင့် အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းကိရိယာများပြသထားမှုကိုကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

အမျိုးသား ညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။